ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏ သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြားကုန်သွယ်မှုများမြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် မတ် ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mr. J.M.J.P. Bandara အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူတို့တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ ဘာသာရေးဆိုင်ရာများတွင် အတူတကွအပြန်အလှန် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံမှ ရဟန်းသံဃာများနှင့် သာသနာ့နွယ်ဝင် သီလရှင်များ သီရိလင်္ကာနိုင်ငံတွင် ပညာသင်ကြားလျက်ရှိမှုနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Mr. J.M.J.P. Bandara အား လက်ခံတွေ့ဆုံစဉ်။

**ယနေ့ ဖတ်စရာ**

**အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ သောဠသမ အစည်းအဝေး ပထမနေ့ကျင်းပ**

စာမျက်နှာ » ၄

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၇

**ကုန်သွယ်ရေကြောင်းကောလိပ်တွင် အရာရှိလောင်းများကို ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ အဆင့်မြင့် Simulator များနှင့်သာမက လက်တွေ့ခန်း (Lab Room) များ၊ ရေကူးကန်၊ Smoke House နှင့် Work Shop များဖြင့် “သင်ကြားရေးနှင့်လေ့ကျင့်ရေး” “Education and Training” တို့ကို ဟန်ချက်ညီညီ စနစ်တကျသင်ကြား လေ့ကျင့်ပေးနေ**

ဆောင်းပါး စာမျက်နှာ » ၈

ကြေးမုံ

# အစွန်းရောက်ရာသီဥတုပြောင်းလဲမှုသတိပြု

ယခုကာလတွင် နိုင်ငံတစ်ဝန်း၌ နေ့လယ်ပိုင်းအချိန် အပူရှိန်ပြင်းထန်ပြီး နံနက်စောစောတွင် အေးမြမှုကို ခံစားနေကြပါသည်။ အပူနှင့် အအေး ကွာခြားချက်ကြီးမား၍ ရာသီဥတုပြောင်းလဲမှုဒဏ်ကို လူတို့ကြုံတွေ့နေကြရသည်။ ယခုအချိန်သည် တပို့တွဲ-တပေါင်း နွေဦးရာသီ ကူးပြောင်းစကာလဖြစ်၍ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်တတ်သော အခြေအနေနှင့် လူတို့ကျန်းမာရေးကို သတိပြုကြရမည်ဖြစ်သည်။

နွေဦးရာသီတွင် ပုံမှန်အပူဒဏ်ခံရလေ့ရှိသော်လည်း အယ်လ်နီညိုဖြစ်စဉ်သက်ရောက်မှုရှိနေသောကြောင့် အပူရှိန်မြင့်မားမှုကို ကြုံတွေ့နေကြရသည်။ နိုင်ငံတကာ မိုးလေဝသဌာနများ၏ သချာပုံစံပြုမော်ဒယ်ခန့်မှန်းချက်အရ ယခု ၂၀၂၄ ခုနှစ် မတ်လအတွင်း အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနိုင်သည်ဟု မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားသည်။ ထို့ကြောင့် ပြည်သူပြည်သားများနှင့် မွေးမြူရေးတိရစ္ဆာန်များ အပူဒဏ်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားကြရမည်ဖြစ်သည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်လေ့ရှိသည့် ဖြစ်စဉ်ဖြစ်သော်လည်း အကျိုးသက်ရောက်မှုကို လွန်ခဲ့သော နှစ်များစွာကတည်းက မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိနိုင်ငံများ ကြုံတွေ့ခံစားခဲ့ကြရသည်။ မိုးရွာသွန်းမှု မမှန်ခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ နေ့အပူချိန်မြင့်မားခြင်း၊ အနောက်တောင်မုတ်သုံလေအဝင်နောက်ကျခြင်း၊ မုတ်သုံလေအထွက်စောခြင်း၊ မုတ်သုံလေအင်အားနည်းပါးခြင်း၊ မုတ်သုံမိုးနည်းခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်မှုပုံမှန်အောက် လျော့နည်းခြင်း စသည့်မိုးလေဝသနှင့်ရာသီဥတုဆိုင်ရာ ပြဿနာအမျိုးမျိုးကို ကြုံတွေ့ရလေ့ရှိသည်။

အယ်လ်နီညိုဖြစ်စဉ်နှင့် ကြုံတွေ့ရသောကာလများတွင် အပူချိန်မြင့်မားသော နွေကာလများကို ရှည်လျားစေသောကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာများ၊ သောက်သုံးရေအပါအဝင် စိုက်ပျိုးရေရှားပါးမှုပြဿနာများနှင့် ကြုံတွေ့ရလေ့ရှိသည်။ ထိုနှစ်ကာလတွင် မုတ်သုံလေအဝင်နောက်ကျပြီး အထွက်စောသောကြောင့် မုတ်သုံကာလကို တိုတောင်းစေပြီး မုတ်သုံမိုးကို မှီခိုအားထားရသော စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်နစ်နာမှုများ များစွာဖြစ်ပေါ်စေသည်။ ၂၀၀၉-၂၀၁၀ ပြည့်နှစ်က ဖြစ်ပေါ်ခဲ့သည့် အင်အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့တွင် အမြင့်ဆုံးအပူချိန် ၄၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်အထိ မြန်မာနိုင်ငံ၏ အမြင့်ဆုံးစံချိန်တင်ခဲ့သည်။

ထိုအချိန်က အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန်တွင် ရေခန်းခြောက်မှုဖြစ်စဉ်ဖြစ်ပွားခဲ့ပြီး စိုက်ပျိုးရေးနှင့် ရေသယံဇာတများ ထိခိုက်ဆုံးရှုံးမှုဖြစ်ခဲ့သည်။ ၁၉၉၇-၁၉၉၈ ခုနှစ် အားအလွန်ကောင်းသော အယ်လ်နီညိုဖြစ်စဉ်တွင် တစ်နှစ်ပျမ်းမျှအပူချိန် ၃၂ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ် ရှိခဲ့သည်။ ၂၀၀၉-၂၀၁၀ ပြည့်နှစ် အားအသင့်အတင့်ရှိသော အယ်လ်နီညိုဖြစ်စဉ်တွင် တစ်နှစ်ပျမ်းမျှအပူချိန် ၃၂ ဒသမ ၄ ဒီဂရီ ဆဲလ်စီးယပ်နှင့် ၂၀၁၈-၂၀၁၉ ခုနှစ် အားအနည်းငယ်ရှိသော အယ်လ်နီညိုဖြစ်စဉ်တွင် တစ်နှစ်ပျမ်းမျှအပူချိန် ၃၂ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယပ် ရှိသည်တို့ကို ကြည့်မည်ဆိုလျှင် အယ်လ်နီညိုဖြစ်စဉ် ကျရောက်သည့်နှစ်များ၌ တစ်နှစ်ထက်တစ်နှစ် အပူချိန်ပိုမိုလာသည်ကို တွေ့ရမည်ဖြစ်သည်။

ယခုနှစ် အယ်လ်နီညိုဖြစ်စဉ်တွင်လည်း ယခင်အယ်လ်နီညိုဖြစ်စဉ်များထက် မနည်းသော အပူရှိန်ကိုခံစားကြရဦးမည်ဖြစ်သည်။ ထို့ကြောင့် ယခုစတင်ကြုံတွေ့နေရပြီဖြစ်သော အယ်လ်နီညိုဖြစ်စဉ် အပူရှိန်ပြင်းထန်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေနှင့်အန္တရာယ်များကို ကြိုတင်သတိပြု ဝိုင်းဝန်းကာကွယ်ကြရမည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်း၌ ကြုံတွေ့ခဲ့ရသည့် အယ်လ်နီညိုဖြစ်စဉ်များတွင် စားရေရိက္ခာ လုံခြုံစိတ်ချရမှု လျော့နည်းခြင်း၊ ရေရှားပါးခြင်း၊ တောမီးလောင်ခြင်း၊ ပင်လယ်သမုဒ္ဒရာရေ အပူချိန်ပြောင်းလဲခြင်း၊ တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါဖြစ်ပွားမှုများပြားခြင်းတို့ ကြုံတွေ့ခဲ့ရသည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် နောက်ဆက်တွဲဆိုးကျိုးများအဖြစ် အပူလျှပ်ခြင်း၊ မျက်ခမ်းစပ်၊ မျက်စိနာခြင်း၊ နှာခေါင်းသွေးလျှံ၊ သွေးတိုးခြင်း၊ ချွေးထွက်လွန်၍ သွေးပေါင်ကျခြင်း၊ ရေကျောက်ရောဂါ၊ အပူဝမ်း၊ ရေငတ်ဝမ်းကျခြင်း၊ အထက်လှန်အောက်လျှောနှင့် အရေပြားရောဂါအမျိုးမျိုးတို့ဖြစ်တတ်ရာ နေ့လယ်ပိုင်းတွင် မလိုအပ်လျှင် အပြင်မထွက်ဘဲ မဖြစ်မနေအပြင်ထွက်ရလျှင်လည်း ထီး၊ ဦးထုပ်၊ နေကာမျက်မှန်၊ အပူမစုပ်ဘဲ အပူပြန်နိုင်သော အရောင်ဖျော့ဖျော့ ချည်ထည်များကို ဝတ်ဆင်သင့်ပါသည်။ ထို့အပြင် ခန္ဓာကိုယ်ထဲ အပူငြိမ်းစေသည့် အစားအသောက်များကို ရွေးချယ်စားသုံးသင့်ပြီး မွေးမြူရေးငါးသယံဇာတများ ပျက်စီးမှုမရှိအောင်လည်း ကြိုတင်ပြင်ဆင်ထားရန် အကြံပြုအပ်ပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော် ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက်ပါဝင်လှူဒါန်းနိုင်

နေပြည်တော် မတ် ၅

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့်ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော်** ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇- ၃၄၀၈၄၁၈၊ **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ** ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ** ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ** ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁- ၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ **KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

သတင်းစဉ်

## သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅-၃-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၂၀၀ | ၅၆၄ | ၄,၆၂၁,၀၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၂,၃၄၇ | ၆,၇၅၆,၈၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၂ | ၁၅,၄၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၄ | ၆,၂၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၁,၇၅၀ | ၁,၈၀၀ | ၁၂၅ | ၂၁၉,၈၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၁ | ၄,၈၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၁၃၆ | ၂၃၈,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Mr. J.M.J.P. Bandara အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Mr. J.M.J.P. Bandara တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

✻ ရှေ့ဖုံးမှ

သီရိလင်္ကာနိုင်ငံရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား မြန်မာနိုင်ငံမှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခဲ့မှုအခြေအနေများ၊ ခရီးသွားလုပ်ငန်းများတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြားကုန်သွယ်မှုများ မြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပညာရေးဆိုင်ရာများတွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mr. J.M.J.P. Bandara အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိနိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး ပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား အပြန်အလှန် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ပညာရေးကဏ္ဍများအပါအဝင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

နေပြည်တော် မတ် ၅

ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီ ကျောင်းပိတ်ရက်ကာလများတွင် အားလပ်ချိန်ကို အကျိုးရှိရှိအသုံးချပြီး မိမိတို့အတွက် အကျိုးရှိစေမည့် ယဉ်ကျေးလိမ္မာမှုများကို လေ့လာသင်ယူနိုင်ရန်၊ မိမိတို့ကိုးကွယ်ယုံကြည်မှုနှင့် စပ်လျဉ်းပြီး သိသင့်သိထိုက်သည့် ဘုရားရှိခိုးခြင်း၊ သီလဆောက်တည်ခြင်း၊ မိမိတို့ ဗုဒ္ဓမြတ်စွာဘုရားနှင့် ပတ်သက်သည့် သမိုင်းကြောင်းဆိုင်ရာ ဗုဒ္ဓဝင်နှင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူတိုင်း လက်ကိုင်ထားကျင့်သုံးရမည့် မင်္ဂလသုတ်တော် အပါအဝင် အခြားသိသင့်သိထိုက်သည့် ဘာသာရေးဗဟုသုတများကို သိရှိစေရန် ရည်ရွယ်၍ ဗုဒ္ဓဘာသာနှင့်ယဉ်ကျေးလိမ္မာသင်တန်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ဖွင့်လှစ်ခဲ့ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းမှူးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များ၌လည်း တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူများအား အဆိုပါ သင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အင်္ဂပူမြို့နယ် ရွှေလဝန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း စိုက်ခင်းများအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

အင်္ဂပူ မတ် ၅

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ရွှေတောင်စု စံပြကျေးရွာရှိ ရွှေလဝန်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းက ပန်းနှင့် ပန်းဂေါ်ဖီစိုက်ပျိုးသည့် အသင်းသား တောင်သူများအား တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေမှ အရင်းမပျောက်မတည်ငွေအဖြစ် အသင်းသား ၅၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ပေါင်းငွေကျပ်သိန်း ၁၁၀ ထုတ်ပေးခဲ့သည်။

အဆိုပါအသင်းက လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အသင်းသားတောင်သူများ၏ ပန်းနှင့် ပန်းဂေါ်ဖီစိုက်ခင်းများအား မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောဠသမအစည်းအဝေး ပထမနေ့ ကျင်းပ



ရန်ကုန် မတ် ၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောဠသမအစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့်ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးအထမြောက် အောင်မြင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားသည်။

**(ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ သာရဏီယ ဩဝါဒကထာကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် သာသနာ့ရန်စွယ် အန္တရာယ်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက ဦးဆောင်ဦးရွက်ပြုပြီး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့က နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းကာ ဓမ္မစက်၊ အာဏာစက်နှစ်ချက်ကုံလုံ ပြည့်စုံစွာဖြင့် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တပည့်တော်တို့ ဒါယကာ၊ ဒါယိကာမများဘက်ကလည်း ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ထောက်ပံ့မှုအပြင် ဓမ္မစက်ကို အာဏာစက်ဖြင့် ခိုင်မြဲအောင် လက်တွဲညီညာစွာ သာသနာပြုသွားမည်ဖြစ်ပါကြောင်း လျှောက်ထားသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညက တင်သွင်းလျှောက်ထားပြီး အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသီဟာလင်္ကာရာဘိဝံသက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုစိတ္တက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသက လည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ထို့နောက် ဝိနိစ္ဆယရေးရာ ကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သောဠသမအစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပခဲ့ပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ ကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားခဲ့သည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က အရုဏ်ဆွမ်း၊ နေ့ဆွမ်း တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

# ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၁၈၅)ကြိမ်မြောက် ထုတိအနုမောဒနာဂုဏ်ပြုလွှာပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ



ရန်ကုန် မတ် ၅

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ စေတနာသဒ္ဓါတရား ထက်သန်စွာ လှူဒါန်းထားကြသော ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များအား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က (၁၈၅)ကြိမ်မြောက် ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တောင်ဘက်မုခ်ရှိ ရှေးဟောင်းရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အလှူရှင်များကအလှူတော်ငွေများ ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးမျိုးအောင်ဌေးနှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဂုဏာလင်္ကာရထံမှ အခမ်းအနားတက်ရောက်သူများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာတရား နာယူကြသည်။

ယနေ့ကျင်းပသော အလှူငွေပေးအပ်လှူဒါန်းပွဲ၌ ရွှေသင်္ကန်းတော်ရွှေစင်ရွှေပြားအလှူရှင် ၃၁ ဦးက ရွှေပြားအချပ် ၃၃ ချပ် လှူဒါန်းခဲ့ပြီး ငွေသားအလှူရှင် ၁၆၃ ဦးအပါအဝင် လှူဒါန်းငွေစုစုပေါင်း ၂၆၁၀၉၄၇၈၁၆၃ ကျပ် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြောင်းသတိပေးချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရွှေထုတ်လုပ်ရေးပလက်ဖောင်း(SHP Platform)နှင့် ရွှေဖိအားမြှင့်ပလက်ဖောင်း (SHK Compression Platform) အား 100.484 m အရှည်ရှိသော တံတားဖြင့် ဆက်သွယ်တည်ဆောက်ထားသည့် ရွှေဖိအားမြှင့်ပလက်ဖောင်း (SHK Compression Platform) ၏ Coordinate မှာ SHK Compression Platform မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၀ ဒသမ ၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၃၅ ဒသမ ၉ စက္ကန့်တွင် တည်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ပင်လယ်ရေကြောင်းသွားလာမှုများ အန္တရာယ်မှကင်းရှင်းစေရန်နှင့် မတော်တဆထိခိုက်မှု လျော့ပါးစေရန်အတွက် အထက်ဖော်ပြပါ ရွှေဖိအားမြှင့်ပလက်ဖောင်း (SHK Compression Platform) တည်နေရာမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ထေရ်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ



**ဆရာတော်အရှင်မြတ်တို့ဘုရား–**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ကာလဒေသဌာန အားလျော်စွာ ၁၉၈၀ ပြည့်နှစ် မေလတွင် ထေရဝါဒဗုဒ္ဓသာသနာသံဃာ့ဂိုဏ်းကြီး (၉)ဂိုဏ်းတို့ အယူသီလတူမျှစွာ ညီညွတ်မှုရရှိပြီး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ကျင်းပနိုင်ခဲ့ပါသည်ဘုရား။ ထိုအစည်းအဝေးကြီးမှ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပြီး မျက်မှောက်ခေတ် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများ ဆောင်ရွက်ရာတွင် "သံဃာ့ကိစ္စ သံဃာဆောင်ရွက်" ဟူသော မူကို ချမှတ်နိုင်ခဲ့ပါသည်ဘုရား။ ယင်းမူအတိုင်း ဆောင်ရွက်နိုင်ရေးအတွက် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ သံဃနာယက လက်စွဲ၊ ညွှန်ကြားလွှာများ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပရိယတ္တိစာမေးပွဲအသီးသီး ကျင်းပရေးဆိုင်ရာ စည်းမျဉ်းများ၊ ထေရဝါဒဗုဒ္ဓဘာသာ သီလရှင်အဖွဲ့အစည်း အခြေခံစည်းမျဉ်းများစသည်ဖြင့် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲ၍ ဆောင်ရွက်နိုင်ခဲ့ကြပါသည်ဘုရား။ ထိုစည်းမျဉ်းများကိုလည်း မဟာကရုဏာရှင်ဖြစ်တော်မူသော သဗ္ဗညုဘုရားရှင်၏ ဓမ္မဝိနယတို့နှင့် မသွေဖည် ညီနိုင်သမျှ ညီစေရေး တပည့်တော်တို့၏ ရှေးရှေး ဆရာ့ဆရာ အာစရိယ ပရမ္ပရထေရ်အရှင်တို့အနေဖြင့် သတိသမ္ပဇဉ် ယှဉ်ကာ ဒီဃဒဿီဉာဏ် အမြင်တို့ဖြင့် အကြိမ်ကြိမ် ညှိနှိုင်းစည်းဝေး တိုင်ပင်တော်မူကြ၍ ရေးဆွဲခဲ့ကြခြင်းဖြစ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

ထိုစည်းမျဉ်းစည်းကမ်းနှင့်အညီ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အခိုင်အမာရပ်တည်ပြီး မယိမ်းမယိုင် ရပ်တည်နိုင်ရေးအတွက် တာဝန်အရှိဆုံး ပုဂ္ဂိုလ်များမှာ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်တို့သာ ဖြစ်ပါသည်ဘုရား။ ထိုအဆင့်ဆင့်သော သံဃာ့အဖွဲ့အစည်း၏ မထေရ်များခေတ်အဆက်ဆက်တာဝန်ကျေကျေဆောင်ရွက်ခဲ့ကြသောကြောင့် ယနေ့အထိ သံဃာ့အဖွဲ့အစည်းကြီး၏ လုပ်ငန်းစဉ်များ အရှိန်အဟုန်မပြတ် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ကြခြင်းဖြစ်ပါသည်ဘုရား။ ထိုသံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့တွင်လည်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် မျက်မှောက်ခေတ် သာသနာတော်အတွက် အဆင့်မြင့်ဆုံး တာဝန်အရှိဆုံး သံဃာ့အဖွဲ့အစည်းကြီးဟု ဆိုရမည်ဖြစ်ပါသည်ဘုရား။

ယင်းသို့သော သံဃာ့အဖွဲ့အစည်းကြီးတွင် ပါဝင်လျက် တာဝန်ထမ်းဆောင်တော်မူကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အရှင်မြတ်တို့ကို ဇာတကပါဠိတော်၊ စတ္တာလီသနိပါတ်၊ သရဘင်္ဂဇာတ်တော်လာ ဂါထာများဖြင့် ကောက်နုတ်၍ အကျဉ်းချုပ်လျှောက်ထားလိုပါသည်ဘုရား။

**ကောဓံ ဝဓိတွာ န ကဒါစိ သောစတိ၊**
**မက္ခပ္ပဟာနံ ဣသယော ဝဏ္ဏယန္တိ။**
**သဗ္ဗေသံ ဝုတ္တံ ဖရုသံ ခမေထ၊**
**ဧတံ ခန္တိံ ဥတ္တမ မာဟု သန္တော။**
(ဇာ၊ ဒု၊ နှာ–၇)

ဟူသော ဒေသနာအရ ကြမ်းကြမ်းကြုတ်ကြုတ် အယုတ်တမာပြောဆိုလာသော မည်သို့သော ပုဂ္ဂိုလ်သော်မျှ ကောဓ အမျက်မထွက်စေဘဲ သည်းခံမှု ခန္တီဂုဏ်တည်းဟူသော လက်နက်သည် ကမ္ဘာလောက၌ ဖြစ်ပေါ်လာသည့် လက်နက်ဆန်း၊ လက်နက်ကောင်းဟူသမျှတို့ထက် အဆအရာအထောင်မက လွန်ကဲထူးမြတ်သည့် သူတော်ကောင်းလက်နက်ကြီး ဖြစ်ကြောင်းကို ပြဆိုထားပါသည်ဘုရား။

**န ဟေတမတ္တံ မဟတီပိ သေနာ၊**
**သရာဇိကာ ယုဇ္ဈမာနာ လဘေထ။**
**ယံ ခန္တိမာ သပ္ပုရိသော လဘေထ၊**
**ခန္တီ ဗလဿူ'ပသမန္တိ ဝေရာ။**
(ဇာ၊ ဒု၊ နှာ–၈)

ဟူသော ဒေသနာဖြင့် တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များသည် ပုဂ္ဂိုလ်အမျိုးမျိုးတို့နှင့် ကြုံတွေ့ဆက်ဆံလျက်ပြဿနာကိစ္စအဝဝတို့ကို ဖြေရှင်းဆောင်ရွက်နေရရာ အားလုံး၏ အလိုကျဖြစ်နိုင်မည်မဟုတ်ပါ။ အလိုမကျသော ပုဂ္ဂိုလ်အချို့က အပြစ်ဖို့သည့်စကား ပြောဆိုလာသော်လည်း မည်သူအားမျှ ကောဓ အမျက်မထွက်စေဘဲ သာသနာ့ဝန်ထမ်းရဟန်းလောက၌ သပ္ပုရိသ ဂိုဏ်းဝင် အရှင်ကောင်း အရှင်မြတ်များပီပီ အကျွာဘနီ စစ်ကြီးချီ၍ တိုက်ခိုက်လာသော်လည်း မရနိုင်သည့် အကျိုးထူးကို ရစေနိုင်သော လက်နက်ကောင်း ခန္တီဂုဏ်နှင့် ပြည့်စုံတော်မူကြစေရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်ဘုရား။

**ကာယေန ဝါစာယ ယော'ဓ သညာတော၊**
**မနသာ စ ကိဉ္စိ န ကရောတိ ပါပံ။**
**န အတ္တဟေတု အလိကံ ဘဏာတိ၊**
**တထာဝိဓံ သီလဝန္တံ ဝဒန္တိ။** (ဇာ၊ ဒု၊ နှာ–၉)

ဟူသော ဒေသနာနှင့်အညီ ကိုယ်နှုတ်စောင့် စည်းမှု စိတ်ကို ထိန်းသိမ်းမှုဟူသော စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံစေလျက် သီလဝန္တ လဇ္ဇီပေသလ သိက္ခာကာမ ဓမ္မဂရုဖြစ်သော ရှင်ကောင်း ရဟန်းကောင်းတို့၏ အနွယ်အစဉ်၌ မိမိတို့ပါဝင်အောင် အစဉ်မပြတ် သတိချပ်တော်မူနိုင်ကြစေရန်လည်း လျှောက်ထားအပ်ပါသည်ဘုရား။

**ဂမ္ဘီရပဉ္ဉံ မနသာ ဘိစိန္တယံ၊**
**နစ္စာဟိတံ ကမ္မကရောတိ လုဒ္ဒံ။**
**ကာလာဂတံ အတ္ထပဒံ န ရဉ္စတိ၊**
**တထာဝိဓံ ပညဝန္တံ ဝဒန္တိ။** (ဇာ၊ ဒု၊ နှာ–၉)

ဟူသော ဒေသနာနှင့်လျော်စွာလည်း အရာရာတွင် ခေါင်းဝင်ကိုယ်ဆံ့ ဉာဏ်ကွန်ရက်ဖြန့်ပြီးလျှင် ဝန်နှင့်အား မြားနှင့်လေး ကျေးဇူးရှိမဲ့ ပြွပြွ လင်းလင်း ထိုးထွင်းသိမြင် ဆင်ခြင်နိုင်သော ဉာဏ်ပညာဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စဟူသမျှ၌ စေ့စေ့ငုငု ကြည့်ရှု မြော်မြင်နိုင်ကြသည့် ရဟန်းပညာရှင်တို့အဖြစ်ဖြင့် ဂုဏ်ယူနိုင်လောက်အောင် မြဲမြဲကြပ်ကြပ် သတိချပ်တော်မူကြရန် လျှောက်ထားလိုပါသည်ဘုရား။

**ယော ဝေ ကတညူ ကတဝေဒိ ဓီရော၊**
**ကလျာဏမိတ္တော ဒဠှဘတ္တိ စ ဟောတိ။**
**ဒုခိတဿ သက္ကစ္စ ကရောတိ ကိစ္စံ၊**
**တထာဝိဓံ သပ္ပုရိသံ ဝဒန္တိ။**
(ဇာ၊ ဒု၊ နှာ–၁၀)

ဟူသော ဒေသနာတော်နှင့်အညီ ကျေးဇူးသိတတ် ကျေးဇူးဆပ်၍ မိတ်မြတ်ဆွေကောင်း အပေါင်းဆုံ့ထ ဒုက္ခရောက်သူ ကူညီဖေးမ သပ္ပုရိသကျင့်စဉ်ကြီးကိုလည်း အစဉ်ကြီးပွား ထွန်းကားစေတော်မူကြပါဘုရား။

**ဧတေဟိ သဗ္ဗေဟိ ဂုဏေဟုပေတော၊**
**သဒ္ဓေါ မုဒူ သံဝိဘာဂီ ဝဒညူ။**
**သင်္ဂါဟကံ သခိလံ သဏှဝါစံ၊**
**တထာဝိဓံ နော သိရီ နော ဇဟာတိ။**
(ဇာ၊ ဒု၊ နှာ–၁၀)

ဟူသော ဒေသနာတော်အရ လောကသားတို့ လိုလားအပ်သည့် ခြွေရံသင်းပင်းပေါများခြင်း၊ ကျေးဇူးသတင်းကျော်စောခြင်း၊ လောကအလယ် ဂုဏ်မငယ်ဘဲ တင့်တယ်ဖွယ်ရာရှိခြင်းဟူသော လောကအမြုတေ ကျက်သရေဂုဏ်အလုံးစုံသည့် ပြဆိုခဲ့ပြီးသော ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ သဒ္ဓါ၊ မုဒု၊ သံဝိဘာဂီ စသည့် အဖုံဖုံ ဂုဏ်ဆီ ပြည့်ဝသပ္ပုရိသ လက္ခဏာရှိသူတို့အပေါ်၌သာ စွဲမှီတည်နေနိုင်သောကြောင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် အမြင့်ဆုံးဖြစ်သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၏ ကျက်သရေတန်ခိုး၊ သာသနာတော်မြတ်ကြီး၏ ကျက်သရေတန်ခိုး တိုးပွားခြင်း၏ အကြောင်းလက္ခဏာများကို မိမိတို့ သန္တာန်ဝယ် အခြေခံထားရှိကြစေရန် လျှောက်ထားလိုပါသည်ဘုရား။

ထိုလျှောက်ထားခဲ့ပြီးသော အကြောင်းများကို ထောက်ထား ရှုမျှော်တော်မူကြ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ရဟန်းရှင်လူ ပြည်သူပြည်သားတို့၏ အားကိုးအားထားပြုရာဖြစ်ရုံသာမက အတိုင်းတိုင်း အပြည်ပြည်ကပင် လေးလေးစားစား အသိအမှတ်ပြုခြင်းကို ခံယူရသည့် မျက်မှောက်ခေတ် ထေရဝါဒဗုဒ္ဓသာသနာတော်အတွက် အားအထားရဆုံး အဆင့်မြင့်ဆုံးသံဃာ့အဖွဲ့အစည်းကြီးတွင် ပါဝင်တော်မူကြသည့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အရှင်မြတ်တို့သည် သရဘင်္ဂဇာတ်တော်လာ ခန္တီတရားလက်ကိုင်ထားခြင်း၊ ဓမ္မဂရုဖြစ်သော ရှင်ကောင်းရဟန်းကောင်းတို့၏ အနွယ်အစဉ်ပါဝင်စေခြင်း၊ သာသနာတော်၏အရေးကိစ္စ များဖြစ်သည့် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စ ဟူသမျှတို့၌ စေ့စေ့ငုငု ကြည့်ရှုမြော်မြင်နိုင်ကြသည့် ပညာရှင်များဖြစ်ခြင်း၊ ဆင်းရဲဒုက္ခရောက်သူတို့ကို ကူညီဖေးမသည့် သပ္ပုရိသကျင့်စဉ်ကို ကျင့်သုံးနိုင်ခြင်းဟူသော ဂုဏ်အင်္ဂါရပ်တို့နှင့် ကိုယ်တိုင်လည်း ပြည့်စုံအောင် မိမိတို့ပရိသတ်နှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အားလည်း ပြည့်စုံစေအောင် အားထုတ်တော်မူကြလျက် ကျေးဇူးတော်ရှင်သဗ္ဗညုဘုရားရှင်၏ သာသနဗြဟ္မစရိယ၊ မဂ္ဂဗြဟ္မစရိယ သာသနာတော်မြတ်ကြီးကို သန့်ရှင်းတည်တံ့ ပြန့်ပွားစည်ပင်တိုးတက်အောင် ဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းရင်း ဘုရားတပည့်တော်၏ သာရဏီယ ဩဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်အပ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။ ။

■

## နမ့်စန်တွင် မြို့နယ်အဆင့်ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်း ဖွင့်ပွဲကျင်းပ

**နမ့်စန်(တ) မတ် ၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ် မီးသတ်ဦးစီးဌာနက ဆောင်ရွက်သော မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ် မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးကျော်မိုးက သင်တန်းဖွင့်ပွဲမိန့်ခွန်းနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**ပေးအပ်ထောက်ပံ့**

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုး၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်မိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေးဝတ်စုံများ ပေးအပ်ထောက်ပံ့ရာ သင်တန်းသားများက လက်ခံရယူခဲ့ကြသည်။

**စာတွေ့လက်တွေ့သင်ကြားပို့ချ**

အဆိုပါသင်တန်းကို မတ် ၄ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်၍ မီးသတ်တပ်ဖွဲ့၏ အခန်းကဏ္ဍ၊ မီးဘေးအန္တရာယ် အပါအဝင် ဖြစ်ပွားတတ်သော ဘေးအန္တရာယ်များအကြောင်း၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများနှင့် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများ



အသုံးပြုပုံနှင့် ပြုစုခြင်း စသည့်ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြား ရှေးဦးသူနာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မတ် ၅**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မတ် ၅**

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ၏ (၂/၂၀၂၄) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ် မတ် ၅ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈)၌ ကျင်းပရာ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အတူ ကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌက ပြောကြားရာတွင် စက်သုံးဆီကိစ္စရပ်များနှင့် ပတ်သက်ပြီး ပြည်သူများသက်သာသောဈေးနှုန်းများနှင့် ဝယ်ယူအသုံးပြုနိုင်ရေးနှင့် လုပ်ငန်းရှင်များမှ ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချနိုင်ရေး၊ သက်ဆိုင်ရာကော်မတီများမှ အမြဲမပြတ်ကြပ်မတ် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ တရားမဝင်စက်သုံးဆီများ ရောင်းချမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး/ ပြည်နယ်များတွင် တရားမဝင်စက်သုံးဆီ ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း တနင်္သာရီတိုင်းဒေသကြီးတွင် စက်သုံးဆီတန် ၃ ဒသမ ၈၁၀ ခန့်မှန်းတန်ဖိုးကျပ် ၁၂ သန်းနှင့် မကွေးတိုင်းဒေသကြီးတွင် စက်သုံးဆီ ၁၀ ဒသမ ၄၆၄ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၃၅ ဒသမ ၉၉၂ သန်း စုစုပေါင်းစက်သုံးဆီ ၁၄ ဒသမ ၂၇၄ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် ၄၇ ဒသမ ၉၉၂ သန်း ဖမ်းဆီးရမိခဲ့ပါကြောင်း။

စက်သုံးဆီဆိုင်များနှင့်ပတ်သက်ပြီး အဆင်ပြေချောမွေ့စွာ ရောင်းချနေမှုများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၄ ရက်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်အထိ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စက်သုံးဆီ Terminal များနှင့် စက်သုံးဆီအရောင်းဆိုင်များအား CCTV Link ချိတ်ဆက်ပြီးစီးမှု အနေဖြင့် စုစုပေါင်း Terminal ရှစ်ခုနှင့် စက်သုံးဆီဆိုင် ၅၉၁ ဆိုင်အား ချိတ်ဆက်ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း။

ဆီဘောက်ဆာယဉ်များ ဖြတ်သန်းသွားလာမှု အခြေအနေများကိုလည်း အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ Toll Gate များတွင်လည်း CCTV Camera များ တပ်ဆင်ပြီးစီးမှုအနေဖြင့် Toll Gate ပေါင်း ၅၂ ခုနှင့် CCTV အရေအတွက် ၅၄၂ ခု တပ်ဆင်ပြီးဖြစ်ပါကြောင်း။

အများပြည်သူများ အနေဖြင့် အွန်လိုင်းအသုံးပြုပြီး နီးစပ်ရာ စက်သုံးဆီ အရောင်းဆိုင်များမှ လိုအပ်သည့် စက်သုံးဆီအမျိုးအစားကို ရောင်းဈေးနှုန်းသိရှိပြီး လိုအပ်သလောက် အလွယ်တကူ ဝယ်ယူနိုင်မည့် Software Application တစ်ခုအား ရေးဆွဲပြီးဖြစ်ပါသဖြင့် ဖေဖော်ဝါရီလကုန်မှစ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင်ရှိသည့် စက်သုံးဆီအရောင်းဆိုင်များတွင် စမ်းသပ်အသုံးပြုလျက်ရှိပြီး Software အား လိုအပ်ချက်တချို့ ပြင်ဆင်မွမ်းမံ၍ ယခုမတ်လအတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးနယ်နိမိတ်တွင်ရှိသည့် စက်သုံးဆီ အရောင်းဆိုင် ၃၀၀ ကျော် အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

စားအုန်းဆီ ဈေးနှုန်းနှင့်ပတ်သက်ပြီး ပြည်တွင်းဈေးကွက်၌ ရောင်းဝယ် ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ စားသုံးဆီများကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လိုအပ်ချက်များကိုစိစစ်၍ စနစ်တကျ ဖြန့်ခွဲပေးလျက်ရှိပြီး ဈေးကွက်/ ဈေးနှုန်း တည်ငြိမ်စေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

နေပြည်တော်အပါအဝင် အခြားတိုင်းဒေသကြီး/ပြည်နယ်အလိုက် အစိုးရအဖွဲ့များ၏ လမ်းညွှန်မှုနှင့် သက်ဆိုင်ရာကုန်ဈေးနှုန်း တည်ငြိမ်ရေး လုပ်ငန်းအဖွဲ့မှ ကြီးကြပ်၍ မြို့နယ်များအထိ စားသုံးဆီဖြန့်ဖြူးရရှိသည့်အရေအတွက် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချမှုရှိ/မရှိ၊ စားသုံးဆီလက်ဝယ်ရရှိခြင်းရှိ/မရှိတို့ကို စိစစ်ကြပ်မတ်ဆောင်ရွက်စေလျက်ရှိပါကြောင်း။

ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်မှု အနေဖြင့်လည်း ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအထိ ကုမ္ပဏီ ၁၃၀၁ ခုမှ အမေရိကန်ဒေါ်လာ ၂၈၃ ဒသမ ၃၆ သန်း၊ တရုတ်ယွမ် ၃၂၁ ဒသမ ၈၀ သန်းနှင့် ထိုင်းဘတ် ၈၇၆ ဒသမ ၁၅ သန်း ဝင်ရောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကာလတူဖြစ်သော ၂၀၂၂ ခုနှစ်အောက်တိုဘာလမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအထိ ကုမ္ပဏီ ၂၁၅ ခုမှ အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၁၄ သန်း၊ တရုတ်ယွမ် ၁၀၉ သန်းနှင့် ထိုင်းဘတ် ၁၈၇ ဒသမ ၆၇ သန်းသာဝင်ရောက်ခဲ့သဖြင့် ကာလတူထက်ကုမ္ပဏီ ၁၀၈၆ ခုမှ အမေရိကန်ဒေါ်လာ ၂၃၈ ဒသမ ၂၂ သန်း၊ တရုတ်ယွမ် ၂၁၂ ဒသမ ၈၀ သန်းနှင့် ထိုင်းဘတ် ၆၈၈ ဒသမ ၄၈ သန်း ပိုမိုဝင်ရောက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ပို့ကုန်ရငွေပေးသွင်းရန် ကျန်ရှိနေသေးသည့် ကုမ္ပဏီများကိုလည်း သတ်မှတ်ကာလအတွင်း ပေးသွင်းခြင်းမရှိပါက သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများအတိုင်း အရေးယူဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ပို့ကုန်၊ သွင်းကုန် ငွေကြေးဆိုင်ရာမူဝါဒများအား ယခင်ဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၄)ပါအတိုင်း ဆက်လက်ဆောင်ရွက်စေလျက်ရှိပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ အနေဖြင့် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် မကုန်မီလျာထားချက်ပြည့်မီအောင် ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေး အလေးထားကြပ်မတ် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း။

ပြည်ပသို့ပို့ကုန်များ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပတ်သက်ပြီး ပို့ကုန်လုပ်ငန်းရှင်များ၏ အခက်အခဲများကို သိအောင်လေ့လာပြီး ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီအနေဖြင့် ကူညီဖြေရှင်းဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများတွင် အခက်အခဲဖြစ်နေမှုများနှင့် ကြန့်ကြာနေမှုများကို သိရှိအောင်လေ့လာပြီး ဖြေရှင်းရမည့်အစီအမံများကို သက်ဆိုင်ရာဝန်ကြီးဌာနများက အမြန်ဆုံးတင်ပြပေးရန် လိုအပ်ပါကြောင်း။

**ရှေးရှုဆောင်ရွက်**

ပြည်တွင်း/ပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထု အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး၊ လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ ပို့ကုန်ကဏ္ဍတိုးမြှင့်ရေးတို့ကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် တက်ရောက်လာကြသည့်ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး တင်ပြခဲ့ကြသည်။

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးက ရှင်းလင်း ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များကိုဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၅**

နေပြည်တော် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန်၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပူးပေါင်းဆောင်ရွက်**

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လမ်းအသုံးပြုသူများကို လေ့ကျင့်ပညာပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ခိုင်ခိုင်မာမာပြဋ္ဌာန်းခြင်း၊ စည်းကမ်းလိုက်နာရေး ဆောင်ရွက်ခြင်းနှင့် စစ်ဆေးအရေးယူခြင်းများကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လမ်းညွှန်း၊ လမ်းအမှတ်အသားများ၊ အချက်ပြများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီဖြစ်စေရေး၊ ထုတ်ပြန်ထားသည့်ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ(NRSC)မှ ချမှတ်ထားသည့် Quick Win လုပ်ငန်းအစီအမံ(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။



ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်မှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးတို့က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၄) ဖြင့် **"နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ"** ကို ၁၃၈၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ ၂၀၂၄ ခုနှစ် မတ်လ ၅ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ နည်းဥပဒေများကို နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး Website ဖြစ်သည့် www.uec.gov.mm တွင် Download ပြုလုပ်၍ ရယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ( ၁၂ / ၂၀၂၄ )**
၁၃၈၅ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
(၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၆ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၁၃ နည်းဥပဒေခွဲ(က)၊ ပုံစံ(င) အပိုဒ် ၂ အပိုဒ်ခွဲ(ည)၊ ပုံစံ(င-၁) အပိုဒ် ၁ အပိုဒ်ခွဲ(ဈ) တို့တွင်ပါရှိသော "ရက်ပေါင်း ၉၀" ဆိုသည့်စကားရပ်များကို "ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်" ဆိုသည့် စကားရပ်များဖြင့် အသီးသီးအစားထိုးရမည်။

၃။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၁၃ နည်းဥပဒေခွဲ(က)၊ ပုံစံ(င) အပိုဒ် ၂ အပိုဒ်ခွဲ(ည)၊ ပုံစံ(င-၁) အပိုဒ် ၁ အပိုဒ်ခွဲ(ဈ)၊ ပုံစံ (စ) အပိုဒ် ၃ တို့တွင်ပါရှိသော "ပါတီဝင်ဦးရေအနည်းဆုံး ၁၀၀၀၀၀" ဆိုသည့်စကားရပ်များကို "ပါတီဝင်ဦးရေအနည်းဆုံး ၅၀၀၀၀" ဆိုသည့် စကားရပ်များဖြင့် အသီးသီးအစားထိုးရမည်။

၄။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၀။ (က) ပါတီတစ်ခုသည် ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆) သို့မဟုတ် (၇)ပါ အချက်တစ်ရပ်ရပ်နှင့်ငြိစွန်း၍ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရပါက ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့် ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့် နည်းလမ်းအတိုင်း အပ်နှံရမည်။

( ခ ) ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားခြင်းမရှိသဖြင့် နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူခံရသောပါတီ သို့မဟုတ် ယင်းပါတီ၏ ဗဟိုအလုပ်အမှုဆောင်အဆင့်ထက်မနိမ့်သူ တစ်ဦးဦးသည် ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆) သို့မဟုတ် (၇) ပါ အချက်တစ်ရပ်ရပ်နှင့်လည်း ငြိစွန်းမှုရှိကြောင်း စိစစ်တွေ့ရှိရပါက ပါတီပိုင် ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့် ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့် နည်းလမ်းအတိုင်း အပ်နှံရမည်။

( ဂ ) နည်းဥပဒေခွဲ(က)နှင့် (ခ)တို့အရ အပ်နှံသည့်ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဃ) ကော်မရှင်တွင် မှတ်ပုံတင်ထားပြီးဖြစ်သော နိုင်ငံရေးပါတီများသည် ပါတီနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသောပါတီများပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် မှတ်ပုံတင်ခွင့်ရရှိပါက ယခင်ပယ်ဖျက်လိုက်သည့် သက်ဆိုင်ရာ ပါတီအသီးသီး၏ ပါတီပိုင်ပစ္စည်းများကို ပူးပေါင်းဖွဲ့စည်းလိုက်သည့်ပါတီက ဆက်ခံခွင့်ရှိသည်။"

၅။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၂။ ပါတီတစ်ခုသည် -

(က) မိမိ၏ နှစ်စဉ်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးနှစ်အလိုက်ရေးဆွဲခြင်း၊ ပါတီပိုင်ပစ္စည်းများနှင့်စပ်လျဉ်းသည့် နှစ်ချုပ်စာရင်းပြုစုခြင်း၊ ယင်းစာရင်းများကို ပါတီတွင်းစာရင်းစစ်ကော်မတီတစ်ရပ် ထားရှိစစ်ဆေးစေခြင်း၊ ပါတီစည်းမျဉ်း၊ စည်းကမ်း၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ အတည်ပြုချက်ရယူခြင်းတို့ကို နှစ်စဉ်ဘဏ္ဍာနှစ်ကုန်ဆုံးပြီးနောက် သုံးလအတွင်း ပြီးပြတ်အောင် ဆောင်ရွက်ထားရှိရမည်။

( ခ ) ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(ဆ)အရ ငွေစာရင်းဖွင့်လှစ်ထားသည့် ပါတီရန်ပုံငွေကို ကော်မရှင်က ထုတ်ပြန်သည့် အမိန့် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ သုံးစွဲရမည်။"

၆။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ ပုံစံ(င) အပိုဒ် ၂ အပိုဒ်ခွဲ(ဠ)၊ ပုံစံ(င-၁) အပိုဒ် ၁ အပိုဒ်ခွဲ(ည) တို့တွင်ပါရှိသော "ရက်ပေါင်း ၁၈၀" ဆိုသည့်စကားရပ်များကို "ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့် နေ့ရက်" ဆိုသည့် စကားရပ်များဖြင့်လည်းကောင်း၊ "မြို့နယ်အားလုံး၏ အနည်းဆုံးထက်ဝက်" ဆိုသည့် စကားရပ်များကို "မြို့နယ်အားလုံး၏ အနည်းဆုံးသုံးပုံတစ်ပုံ" ဆိုသည့် စကားရပ်များဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၇။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ ပုံစံ(စ) အပိုဒ် (၃) ပါ "ရက်ပေါင်း ၉၀ ပြည့်သည့် နေ့ရက်ထက် နောက်မကျစေဘဲ" ဆိုသည့်စကားရပ်ကို "ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်မတိုင်မီ အနည်းဆုံးရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့် နေ့ရက်ထက် နောက်မကျစေဘဲ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ ပုံစံ(ဇ) အပိုဒ်(၁)ပါ "ပါတီဝင်ဦးရေ ၁၀၀၀၀၀" ဆိုသည့်စကားရပ်ကို "ပါတီဝင်ဦးရေ ၅၀၀၀၀" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်းသော အချက်အလက်များ နိုင်ငံတကာခရီးသွားလုပ်ငန်းဆိုင်ရာ Website များတွင် ပိုမိုပါဝင်လာစေရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၅**

မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးနှင့်ဈေးကွက်ရှာဖွေရေး၊ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေးအတွက် နိုင်ငံတကာခရီးသွားလုပ်ငန်းဆိုင်ရာ Website များတွင် မြန်မာနိုင်ငံရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုပါဝင်လာခြင်းအားဖြင့် digital ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်လာစေရန် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ခရီးသွားလုပ်ငန်းဆိုင်ရာ ဘာသာရပ်သင်ကြားပေးနေသော တက္ကသိုလ်/ ကောလိပ်များမှ ဆရာ ဆရာမများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများကို အွန်လိုင်းမှ တွေ့ဆုံသည်။

အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ ဘာသာရပ်တာဝန်ခံများ တက်ရောက်ကြသည်။

**၈၃ ရာခိုင်နှုန်းကျော်တိုးတက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းမှာ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အခြေခံဆောင်ရွက်ပြီး နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေကို ရှာဖွေပေးနေသော ကဏ္ဍကြီးများအနက် တစ်ခုပင်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုမှာ ခရီးသွားဧည့်သည်များ ရောက်ရှိလည်ပတ်မှုအခြေအနေနှင့် တိုက်ရိုက်သက်ဆိုင်မှုရှိပါကြောင်း၊ ၂၀၂၃ ခုနှစ် ပြည်တွင်းခရီးသွား အရေအတွက်မှာ ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၈၃ ရာခိုင်နှုန်းကျော် တိုးတက်သည်ကို တွေ့ရှိရပါကြောင်း၊ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှုအနေနှင့် ၃၀ ရာခိုင်နှုန်းခန့်သာ ပြန်လည်ရောက်ရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ပြည်ပခရီးသွားဧည့်သည် ပိုမိုဝင်ရောက်လာစေရေးအတွက် အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။




ပြည်တွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သကဲ့သို့ ပြည်ဝင်ခရီးသွားလုပ်ငန်း ပြန်လည်တိုးတက်လာရေးအတွက် ခရီးစဉ်ဒေသများကြော်ငြာခြင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းပုံရိပ် အမှတ်တံဆိပ်ကို ကမ္ဘာကပိုမိုသိရှိနိုင်စေရန် ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်စေရန် အစိုးရနှင့် ပုဂ္ဂလိက ကိုယ်စားလှယ်များပါဝင်သော ခရီးသွားလုပ်ငန်းဈေးကွက်ရှာဖွေရေးနှင့် မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းကဏ္ဍရှိ အစိုးရ၊ ပုဂ္ဂလိက၊ ပညာရပ်အသိုင်းအဝိုင်းနယ်ပယ်ရှိသူအားလုံး ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေကြောင်းအရာရှိလောင်းဒီပလိုမာသင်တန်းသားများ၏ ပင်လယ်ပြင်လေ့ကျင့်ရေးခရီး

**မြန်မာနိုင်ငံသည် ကမ်းရိုးတန်းအရှည် ၁၂၆၀ ဒသမ ၀၅၆ ရေမိုင်ကို ပိုင်ဆိုင်ထားပြီး အိန္ဒိယသမုဒ္ဒရာ၊ ဘင်္ဂလားပင်လယ်အော်တို့နှင့် ဆက်စပ်ပင်လယ်ရေလမ်းကြောင်းများရှိခြင်းကြောင့် ရေကြောင်းဆိုင်ရာ အကျိုးစီးပွားဖော်ဆောင်မှုအတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် များစွာအရေးပါသည့်အားလျော်စွာ ရေကြောင်းကုန်သွယ်မှုသည်လည်း အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။**

ဒေါက်တာငွေကြွယ်(MMMC)

ရေကြောင်းကုန်သွယ်မှု လုပ်ငန်းများသည် ပြည်တွင်း သယ်ယူပို့ဆောင်ရေးအတွက်သာမက ကမ္ဘာ့ကုန်သွယ်မှုများ၌ပါ နိုင်ငံ့စီးပွားရေးမြှင့်တင်မှု အခန်းကဏ္ဍတွင် အရေးပါပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်အားအဖြစ် ကျောထောက်နောက်ခံပြုလျက်ရှိပါသည်။ ကမ္ဘာ့ကုန်သွယ်မှု၏ ၉၀ ရာခိုင်နှုန်းမှာလည်း ကုန်ကျစရိတ်အသက်သာဆုံးဖြစ်သည့် ပင်လယ်ရေကြောင်းဖြင့်ပင် သယ်ယူပို့ဆောင်ပေးကြရသည့်အတွက် ပင်လယ်ရေကြောင်းကုန်သွယ်မှုသည် နိုင်ငံတကာကုန်သွယ်မှုနှင့် ကမ္ဘာ့စီးပွားရေး၏ အသက်သွေးကြောတစ်ခုအဖြစ် အမြဲရပ်တည်လျက်ရှိသည်။

ရေကြောင်းဆိုင်ရာ အကျိုးစီးပွားမြှင့်တင်ရာတွင် ရေကြောင်းကုန်သွယ်မှုလုပ်ငန်းများအတွက် အရည်အသွေးနှင့် အရည်အချင်းရှိသော ပင်လယ်ပြင်အသက်မွေးဝမ်းကျောင်းပြုသူ (Seafarer) များကို နိုင်ငံတိုင်းတွင် အစဉ်အမြဲလိုအပ်လျက်ရှိနေပါသည်။ လူ့စွမ်းအားများမွေးထုတ်ပေးရေးသည် နိုင်ငံ့မျှော်မှန်းချက်ဖြစ်သည်နှင့်အညီ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရန်လည်း လိုအပ်ပါသည်။

ထိုလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်အတွက် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်အနေဖြင့် ရေကြောင်းပညာကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များကို ၁၉၆၃ ခုနှစ်မှစတင်ကာ ယနေ့အချိန်အထိ နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်း စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပြီး ရေကြောင်းပို့ဆောင်ရေးကဏ္ဍများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိပါသည်။

**သမိုင်းအစဉ်အလာကောင်းများနှင့် မျှော်မှန်းချက်၊ ရည်မှန်းချက်ကို အကောင်အထည်ဖော်**

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၏ သမိုင်းကြောင်းအရ ၁၉၆၃ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ သယ်ယူပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန စသည့်ဝန်ကြီးဌာန သုံးခုတို့ပူးပေါင်းပြီး တပ်မတော်ရေတပ်လေ့ကျင့်ရေးကျောင်း (ဆိပ်ကြီး) တွင် ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းသား ၂၆ ဦးနှင့် စတင်သန္ဓေတည်ကာ ရေကြောင်းပညာရပ်များကို သင်ကြားလေ့ကျင့်ပေးခဲ့ပါသည်။ ၁၉၇၂ ခုနှစ်မှစတင်၍ ရေကြောင်းပညာသိပ္ပံအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်အမည်ဖြင့်လည်းကောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ အုပ်ချုပ်မှုအောက်၌ ရေကြောင်းအတတ်ပညာများကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ သင်ကြားလေ့ကျင့်ပေးနေသည့်အတွက် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်၏ အသိအမှတ်ပြုမှုရရှိထားကာ သမိုင်းအစဉ်အလာကောင်းများရှိသော ကောလိပ်တစ်ခုအဖြစ် ဂုဏ်သိက္ခာရှိစွာ ရပ်တည်လျက်ရှိပါသည်။



မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ကျောင်းအုပ်ကြီးက အရာရှိလောင်းဒီပလိုမာသင်တန်းသားများအား ပင်လယ်ပြင်လေ့ကျင့်ရေးခရီးစဉ်နှင့်ပတ်သက်၍ မှာကြားစဉ်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်သည် ရေကြောင်းပညာရပ်များ၊ ရေကြောင်းအင်ဂျင်နီယာပညာရပ်များနှင့် ရေကြောင်းလျှပ်စစ်နည်းပညာရပ်များကို အနိမ့်ဆုံးသင်္ဘောသားများ တတ်မြောက်ရန် လိုအပ်သည့် အခြေခံအဆင့်မှ အမြင့်ဆုံးရေယာဉ်မှူးကြီး၊ အင်ဂျင်နီယာမှူးကြီးများ တတ်မြောက်ရန်လိုအပ်သော အထက်တန်းအဆင့်အထိ သင်ကြားပို့ချရန်နှင့် ရေကြောင်းဘက်ဆိုင်ရာ ပညာရပ်များနှင့်စပ်လျဉ်း၍ သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရန် မျှော်မှန်းချက်၊ ရည်မှန်းချက်ထားရှိပြီး သင်ကြားလေ့ကျင့်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်အနေဖြင့် ၁၉၆၃ ခုနှစ်ကတည်းကပင် ယနေ့အချိန်အထိ ရေကြောင်းအရာရှိလောင်း ၂၈၅၅ ဦး၊ ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းနှင့် ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်း ၂၈၁၂ ဦး စုစုပေါင်းအရာရှိလောင်း ၅၆၆၇ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် ရေကြောင်းအရာရှိ ၈၇၄၁၅ ဦး၊ အင်ဂျင်နီယာအရာရှိ ၂၉၁၀၇ ဦး၊ အခြားအဆင့်သင်္ဘောသား ၁၅၅၅၀၆ ဦး တို့ကိုလည်း လေ့ကျင့်သင်ကြားပေးခဲ့ရာ စုစုပေါင်း ၂၇၇၆၉၅ ဦးအထိ မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ကျောင်းဆင်းအရာရှိလောင်း အားလုံးမှာလည်း အလုပ်အကိုင်အခွင့်အလမ်းရာနှုန်းပြည့် ရရှိခဲ့ကြပါသည်။ ဤသို့ဖြင့် နိုင်ငံသားတို့၏ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း သမိုင်းအထောက်အထားကိန်းဂဏန်းအချက်အလက်များဖြင့် ပုံရိပ်ကောင်းများကို ဆက်လက်ဖော်ဆောင်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်သည် Quality Management System (QMS)ကို ထူထောင်ထားပြီး ၂၀၀၇ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ISO 9001:2000 Certification လက်မှတ် (Certificate No. BGK 0403950)ကိုလည်းကောင်း၊ ၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ISO 9001:2008 Certificationလက်မှတ်ကိုလည်းကောင်း ရရှိခဲ့ပါသည်။ ယခုအခါတွင် (ISO 9001:2015) Quality Management System for Maritime Education Training လက်မှတ် (Certificate No.59571) ကို ရယူထားပါသည်။ ISO က သတ်မှတ်ထားသော အရည်အသွေးစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး နှစ်စဉ် ISO ၏ စစ်ဆေးမှုများအပေါ် အောင်မြင်ခဲ့သည့် အသိအမှတ်ပြုလက်မှတ်များကို ရရှိထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်အနေဖြင့် အရာရှိလောင်းတို့အား အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO)၏ ရေကြောင်းပညာရေးနှင့် လေ့ကျင့်ရေးစံချိန်စံညွှန်းများနှင့်အညီ သင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး IMO ၏ Standards of Training Certification and Watch keeping for Seafarers (STCW Convention) နှင့်အညီ လိုက်နာဆောင်ရွက်ရပါသည်။ သို့ဖြစ်၍ အခြားသော ရေကြောင်းဘက်ဆိုင်ရာ အဖွဲ့အစည်းများနည်းတူ IMO ၏ သီးခြားလွတ်လပ်သော အကဲဖြတ်အဖွဲ့ (Independent Evalution Team ) ၏ ငါးနှစ်လျှင် တစ်ကြိမ် စစ်ဆေးမှုရှိပါသည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်တွင် အရာရှိလောင်းများကို ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ အဆင့်မြင့်Simulatorများနှင့်သာမက လက်တွေ့ခန်း (Lab Room)များ၊ ရေကူးကန်၊ Smoke House နှင့် Work Shop များဖြင့် **“သင်ကြားရေးနှင့်လေ့ကျင့်ရေး”** “Education and Training” တို့ကို ဟန်ချက်ညီညီ စနစ်တကျသင်ကြားလေ့ကျင့်ပေးနေပါသည်။ ထို့အပြင် ပင်လယ်ပြင်ခရီးစဉ်တွင် အရာရှိလောင်းများကိုယ်တိုင် လက်တွေ့ကျကျလေ့ကျင့်နိုင်ရန် (Sea Training) ခရီးစဉ်ကိုလည်း ရေးဆွဲလျက် စာပေသင်ကြားခဲ့မှုနှင့် လက်တွေ့လုပ်ငန်းခွင်ဆက်စပ်သည့် စာတွေ့၊ လက်တွေ့ပေါင်းစပ်မှု၏ဆန်းစစ်မှုကို ရေယာဉ်ပေါ်တွင် On Job Training အဖြစ် ထိထိရောက်ရောက် လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။

> **“ကုန်သွယ်ရေကြောင်းကောလိပ်တွင် အရာရှိလောင်းများကို ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ အဆင့်မြင့်** Simulator **များနှင့်သာမက လက်တွေ့ခန်း** (Lab Room) **များ၊ ရေကူးကန်၊** Smoke House **နှင့်** Work Shop **များဖြင့် “သင်ကြားရေးနှင့်လေ့ကျင့်ရေး”** “Education and Training” **တို့ကို ဟန်ချက်ညီညီ စနစ်တကျသင်ကြားလေ့ကျင့်ပေးနေပါသည်။ ထို့အပြင် ပင်လယ်ပြင်ခရီးစဉ်တွင် အရာရှိလောင်းများကိုယ်တိုင် လက်တွေ့ကျကျလေ့ကျင့်နိုင်ရန်** (Sea Training) **ခရီးစဉ်ကိုလည်း ရေးဆွဲလျက် စာပေသင်ကြားခဲ့မှုနှင့် လက်တွေ့လုပ်ငန်းခွင်ဆက်စပ်သည့် စာတွေ့၊ လက်တွေ့ပေါင်းစပ်မှု၏ဆန်းစစ်မှုကို ရေယာဉ်ပေါ်တွင်** On Job Training **အဖြစ် ထိထိရောက်ရောက် လေ့ကျင့်သင်ကြားပေးလျက်ရှိ”**

### အရာရှိလောင်း ဒီပလိုမာသင်တန်းသားများ၏ ပင်လယ်ပြင်လေ့ကျင့်ရေးခရီး

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့၏ ကူညီပံ့ပိုးမှုတို့ဖြင့် အရာရှိလောင်း ဒီပလိုမာသင်တန်းသားများ၏ ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ရေးခရီးစဉ် (၁/၂၀၂၄) ကို တပ်မတော် (ရေ) မှ စစ်ရေယာဉ် (ချင်းတွင်း) နှင့် **“ရန်ကုန် – ကိုကိုးကျွန်း – ဟိုင်းကြီးကျွန်း – ရန်ကုန်”** ခရီးစဉ်အဖြစ် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှ ၂၈ ရက်နေ့အထိ ခြောက်ရက်တာ သွားရောက်လေ့ကျင့်ခဲ့ကြပါသည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်မှ ရေကြောင်းပညာဌာနမှူး ကပ္ပတိန် ဦးကျော်ကျော်ဝင်းက ဦးဆောင်ပြီး အုပ်ချုပ်သူ၊ နည်းပြ ၂၀ နှင့်အတူ ရေကြောင်းပညာ (Nautical Studied) အထူးပြုသင်တန်းသား၊ ပထမနှစ်အရာရှိလောင်း ၁၂၁ ဦး၊ ဒုတိယနှစ်အရာရှိလောင်း ၉၀၊ ရေကြောင်းအင်ဂျင်နီယာ (Maritime Technology)အထူးပြုသင်တန်းသား၊ ပထမနှစ်အရာရှိလောင်း ၁၂၃ ဦး၊ ဒုတိယနှစ်အရာရှိလောင်း ၈၀၊ ရေကြောင်းလျှပ်စစ်နည်းပညာ (Marine Electrical Technology) အထူးပြုသင်တန်းသား၊ ပထမနှစ်နှင့် ဒုတိယနှစ်အရာရှိလောင်း ၄၇ ဦး စုစုပေါင်းအရာရှိလောင်း ၄၆၁ ဦး တို့လိုက်ပါခဲ့ကြကာ သက်ဆိုင်ရာရေကြောင်းပညာရပ်တို့ကို နိုင်ငံတော်က စီမံပေးခဲ့သော စစ်ရေယာဉ် (ချင်းတွင်း)ပေါ်တွင် လက်တွေ့လေ့ကျင့်ခဲ့ကြပါသည်။

ပင်လယ်ပြင်လေ့ကျင့်ရေးခရီးစဉ်သို့လိုက်ပါကြမည့် အရာရှိလောင်းတို့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနှင့် ချိတ်ဆက်ကာ ဖေဖော်ဝါရီလ ၂၃ ရက်နေ့ မွန်းလွဲပိုင်းတွင် သီလဝါ၊ ဟွန်ဒိုင်းဆိပ်ကမ်းသို့ ပို့ဆောင်ပေးခဲ့ကြပြီး မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်မှ ကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများက လိုက်ပါပို့ဆောင်ခဲ့ကြပါသည်။ ဆိပ်ခံတံတားမှ ရေယာဉ်စတင်မထွက်ခွာမီ ကျောင်းအုပ်ကြီးက အရာရှိလောင်းတို့အား လမ်းခရီးတစ်လျှောက် ကြုံတွေ့လာနိုင်မှုများအပေါ် သတိပြုလိုက်နာဆင်ခြင်သင့်သည့်အချက်များကို မှာကြားခဲ့ကာ ခရီးစဉ်တစ်ခုလုံး အဆင်ပြေချောမွေ့ပါစေကြောင်း ဆုတောင်းမေတ္တာစကား မြွက်ကြားခဲ့ပါသည်။

အရာရှိလောင်းတို့လိုက်ပါလာသော ချင်းတွင်းရေယာဉ်သည် ဖေဖော်ဝါရီလ ၂၃ ရက်နေ့ မွန်းလွဲ ၂ နာရီ ကျော်တွင် ဆိပ်ကမ်းမှ စတင်ထွက်ခွာကာ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ မွန်းလွဲပိုင်းတွင် ကိုကိုးကျွန်းသို့ ရောက်ရှိခဲ့ကြပြီး မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ကိုကိုးကျွန်း ဆိပ်ခံတံတား၌ ဆိုက်ကပ်ရပ်နားခဲ့သည်။ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ နံနက် ၇ နာရီခွဲတွင် အရာရှိလောင်းတို့အား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၃)စစ်ဗျူဟာမှူး၊ နယ်မြေခံရေတပ်အခြေစိုက်စခန်းမှူး၊ လေတပ်စခန်း စခန်းမှူးတို့အပါအဝင် ကိုကိုးကျွန်း မြို့နယ်မှ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများက နွေးထွေးစွာ ကြိုဆိုခဲ့ကြပါသည်။ ထို့နောက် မြို့နယ်ခန်းမ၌ ကိုကိုးကျွန်းနှင့်ပတ်သက်သည့် ဒေသန္တရအချက်အလက်များ၊ သမိုင်းကြောင်းများကို အရာရှိလောင်းများအား သက်ဆိုင်ရာတာဝန်ရှိသူ များက ရှင်းလင်းပြောကြားကြပါသည်။

အရာရှိလောင်းတို့သည် ကိုကိုးကျွန်းကမ်းခြေတစ်ဝိုက်ရှိ ဂျပန်ခေတ်က ခံကတုတ်ဘန်ကာများနှင့် မြို့နယ်ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။ **စာမျက်နှာ ၉ သို့** ❁

❁ စာမျက်နှာ ၈ မှ

ထို့နောက် အရာရှိလောင်းများနှင့် အုပ်ချုပ်သူဆရာများက ကိုကိုးကျွန်းရှိ ဘုရားစေတီများနှင့် ဘုန်းကြီးကျောင်းများသို့ လည်းကောင်း၊ ဆေးရုံ၊ အထက်တန်းကျောင်း၊ မူကြိုကျောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးများသို့ လည်းကောင်း အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် အရာရှိလောင်းတို့သည် ကိုကိုးကျွန်းကမ်းခြေ၌ ရေကူးခြင်း၊ သဲသောင်ပြင်တွင် ဘောလုံး၊ ဘော်လီဘော၊ ခြင်းလုံး စသည့် ကြိုက်နှစ်သက်ရာတို့ကို ပျော်ရွှင်စွာ ကစားခဲ့ကြပါသည်။

ချင်းတွင်းရေယာဉ်သည် ဖေဖော်ဝါရီလ ၂၅ ရက်နေ့ ညနေ ၅နာရီခွဲတွင် ကိုကိုးကျွန်းမှ ပြန်လည်ထွက်ခွာလာခဲ့ပြီး ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နံနက် ၇နာရီခွဲတွင် ဟိုင်းကြီးကျွန်း ပမ္မဝတီရေတပ်စခန်း ဌာနချုပ်ဆိပ်ခံတံတားသို့ ဆိုက်ကပ်ခဲ့ပါသည်။ ယင်းနေ့နံနက်တွင် ပမ္မဝတီရေတပ်စခန်း ဌာနချုပ်ခန်းမ၌ ဒုတိယဌာနချုပ်မှူးက အရာရှိလောင်းတို့အား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အခြားတာဝန်ရှိသူများက ဟိုင်းကြီးကျွန်းဆိုင်ရာအချက်အလက်များ၊ မော်တင်စွန်းဘုရား၏ သမိုင်းကြောင်းများကို ပါဝါပွိုင့်များနှင့်တကွ ရှင်းလင်းပြသခဲ့ကြသည်။ ထို့နောက် ပမ္မဝတီရေတပ်စခန်းဌာနချုပ်၏ စီစဉ်ပေးမှုဖြင့် ဆံတော်ရှင်မော်တင်စွန်းဘုရားသို့ သွားရောက်ဖူးမြော်ကြပြီး ဘုရားဂေါပကလူကြီးများထံ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။ ထို့အပြင် သမိုင်းဝင်သူရဲကောင်း မင်းရဲကောင်းပုံ၏ ကျူးကျော်သူနယ်ချဲ့တို့အား ချေမှုန်းတိုက်ခိုက်ခဲ့သောနေရာကိုလည်း ဝင်ရောက်လေ့လာခဲ့ကြကာ ညနေပိုင်းတွင် ပမ္မဝတီရေတပ်စခန်းက တည်ခင်းဧည့်ခံသည့်ညစာစားပွဲသို့ တက်ရောက်ခဲ့ကြပါသည်။

ဖေဖော်ဝါရီလ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် အရာရှိလောင်းများကိုယ်တိုင်ပါဝင်ကာ လှေလှော်ရွက်တိုက်ခြင်းကို လေ့ကျင့်ခဲ့ကြပါသည်။ ထို့နောက် စစ်ရေယာဉ်(ချင်းတွင်း)ပေါ်မှာပင် အသက်ကယ်လှေ(Life Boat) တင်ချမှုလေ့ကျင့်ခန်းများတွင် အရာရှိလောင်းများအုပ်စုအလိုက် လက်တွေ့ပါဝင်လေ့ကျင့်စေခြင်း၊ ကျောက်တင်ကျောက်ချ (Anchor Work) အကြောင်းများကိုလည်း လက်တွေ့ပြသလေ့ကျင့်ခဲ့ကြပါသည်။ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ မွန်းလွဲပိုင်းတွင် ဟိုင်းကြီးကျွန်းမှ ပြန်လည်ထွက်ခွာခဲ့ကြပြီး ဖေဖော်ဝါရီလ ၂၈ ရက်နေ့ မွန်းလွဲ ၂ နာရီကျော်တွင် သီလဝါ၊ ဟွန်ဒိုင်းဆိပ်ခံတံတားသို့ ပြန်လည်ရောက်ရှိခဲ့ကြရာ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်မှ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများက အောင်သပြေပန်းများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြပါသည်။

**ဘာသာရပ်ဆိုင်ရာများ လေ့ကျင့်သင်ယူခဲ့ကြ**

အရာရှိလောင်းများအနေဖြင့် “Sea Training” အဖြစ်သွားရောက်ခဲ့ကြသော အသွားအပြန် ရေမိုင် ၆၀၀ ခရီးစဉ်၌ မိမိတို့ကောလိပ်၏ စာသင်ခန်းထဲ၌လည်းကောင်း၊ Simulator များဖြင့် လည်းကောင်း သင်ကြားပြသခဲ့ပြီးဖြစ်သော သက်ဆိုင်ရာ ဘာသာရပ်အလိုက် စာတွေ့သင်ကြားမှုများကို ရေယာဉ်ပေါ်တွင် လက်တွေ့ကျကျဆန်းစစ်လေ့လာ သင်ယူလေ့ကျင့်ခဲ့ရသည့်အတွက် ထိရောက်သည့် သင်ကြားမှုကို ဖြစ်စေပါသည်။ ရေကြောင်းအရာရှိလောင်းတို့အား လူ ၂၀ စီ အုပ်စုငယ်များခွဲ၍ ရေကြောင်းဘက်ဆိုင်ရာ ဘာသာရပ်များ (Navigation)၊ ကမ်းရိုးတန်းသွားလာမှု(Coastal Navigation)၊ ရေယာဉ်ကိုင်တွယ်ထိန်းသိမ်းရေး (Ship Handling)၊ မိုးလေဝသဘာသာရပ် (Meotrology) များကို သက်ဆိုင်ရာ ရေကြောင်းဘာသာရပ်ပြ ကျွမ်းကျင်ဆရာများက လက်တွေ့ကျကျ သင်ပြခဲ့ကြပါသည်။

ထို့အပြင် ကြယ်နက္ခတ်တာရာကြည့်ပြီး ရေယာဉ်တည်နေရာရှာဖွေခြင်းနှင့် လမ်းကြောင်းရွေးချယ်ခြင်း (Position Finding and Passage Planning)၊ ကြိုးချည်ကြိုးထိုးဘာသာရပ်၊ အချက်ပြစနစ်များ (Pyrotechnics) တို့ကိုလည်း လက်တွေ့ပြသ လေ့ကျင့်ပေးနိုင်ခဲ့ပါသည်။ ကျောက်တင်ကျောက်ချပုံ၊ အသက်ကယ်လှေချနည်း၊ ရွက်တိုက်နည်းကအစ ရေဒါ၊ GPS တို့ဖြင့် သင်္ဘောသွားလာမှု၊ ရေပုံ(Chart Work)ဖြင့် သင်္ဘောတည်နေရာရှာဖွေမှု၊ ခုတ်မောင်းမှုများကို လက်တွေ့လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ သက်ဆိုင်ရာ ဘာသာရပ်များကို သက်ဆိုင်ရာဘာသာရပ်ပြ ကျွမ်းကျင်ဆရာများက လက်တွေ့ပြသခဲ့ခြင်း၊ အရာရှိလောင်းများကိုယ်တိုင် စိတ်ပါဝင်စားစွာ လက်တွေ့လုပ်ကိုင်စေခြင်းတို့အပြင် ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ခန်း (Sea Training) တွင် ပင်လယ်ပြင်မသွားမီ ကြိုတင်ပြင်ဆင်မှု၊ ဆိပ်ကမ်းနှင့် ပွဲစင်တာဝန်လုပ်ဆောင်မှု အပါအဝင် ပင်လယ်ပြင်နေ့စဉ်လုပ်ဆောင်မှု (Daily Sea Routine Work) တို့ကို လေ့ကျင့်သင်ယူခွင့် ရရှိစေခဲ့ကြပါသည်။

အလားတူ အင်ဂျင်နီယာအရာရှိလောင်းများနှင့် ရေကြောင်းလျှပ်စစ်အရာရှိလောင်းများကိုလည်း ၁၀ ယောက် တစ်အုပ်စုစီခွဲ၍ သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်ဆရာများက လက်တွေ့သင်ကြား ပြသခဲ့ကြပါသည်။ စက်ခန်းသို့ မဆင်းမီ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း (Safety Practice) များကို ရေယာဉ်မှတာဝန်ရှိသူများက ရှင်းလင်းသင်ကြားပေးခြင်းအပါအဝင် စက်ခန်း (Engine Room)၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ စက်ပစ္စည်းများ၏ နေရာချထားမှုများ၊ စက်မကြီးနှင့် ဂျင်နရယ်တာများ၏ အလုပ်လုပ်ပုံ၊ အင်ဂျင်ပါရာမီတာ(Engine Parameter) များနှင့် အရေးပေါ်အခြေအနေမျိုးတွင် လုပ်ဆောင်ရမည့်အချက်များ၊ မီးစက် နှစ်လုံး ဝန်အားချိတ်ဆက်မှု (Generator Synchronizing)၊ ကွန်ပျူတာစနစ်ဖြင့် စောင့်ကြည့်သည့် Control Room၏ အလုပ်လုပ်ပုံစသည်ဖြင့် အင်ဂျင်နီယာများ သိသင့်သိထိုက်သည့် ဘာသာရပ်များကို လက်တွေ့သင်ကြားပြသလေ့ကျင့်ပေးနိုင်ခဲ့ပါသည်။

ပင်မအင်ဂျင်များ၊ မီးစက်များ၊ ပန့်၊ မော်တာများ၊ အီလက်ထရွန်နစ်ပစ္စည်းများကို လက်တွေ့ကိုင်တွယ်မောင်းနှင်ပြခြင်းနှင့် အရေးပေါ်မီးသတ်လေ့ကျင့်ခန်းများကိုပါ သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ပါသည်။

**ရရှိသောအကျိုးကျေးဇူးများ**

ယခု ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ရေး (Sea Training) ခရီးစဉ်သည် အရာရှိလောင်းများအား ပထဝီဝင်အနေအထားအရ အချက်အချာကျသည့် အိန္ဒိယသမုဒ္ဒရာနှင့် ဘင်္ဂလားပင်လယ်အော်၏ဆက်စပ်ရေပြင်ရှိ ကိုကိုးကျွန်းဒေသသို့သွားရောက်လေ့လာခွင့်ရရှိခဲ့သည့်အတွက် ဒေသန္တရဆိုင်ရာ ဗဟုသုတများစွာ ရရှိခဲ့ကြပါသည်။

ထို့အပြင် ပညာရပ်ဆိုင်ရာတတ်သိမှု၊ ပင်လယ်ပြင်၏သဘောသဘာဝအရ ပြောင်းလဲဖြစ်ပေါ်တတ်သည့် လှိုင်းလေအခြေအနေအမျိုးမျိုးတွင် ရာသီမရွေး၊ နေ့ညမပြတ် တာဝန်ထမ်းဆောင်တတ်မှုစသည့် အားသာချက် အကျိုးကျေးဇူးများ ရရှိစေခဲ့ပါသည်။

အရာရှိလောင်းတို့အနေဖြင့် သင်္ဘောသားတစ်ယောက်တတ်သိထားရမည့် ရေကြောင်းပညာရပ်ဆိုင်ရာများကို လက်တွေ့ကျကျသိမြင်ကာ ကိုယ်တိုင်ပါဝင်လေ့ကျင့်ခွင့်ရရှိခဲ့သဖြင့် ယုံကြည်မှုရရှိစေကာ ကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှုသဘောသဘာဝ၊ ဦးဆောင်မှုနှင့် စိတ်ရောကိုယ်ပါ ကြံ့ခိုင်စေရန် လေ့ကျင့်ပေးထားခဲ့မှုများက လွန်စွာအရေးပါအရာရောက်ကြောင်း သိမြင်လာစေပါသည်။ ထို့အပြင် စိတ်ဓာတ်ခွန်အားနှင့် ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုတို့ကို ပင်လယ်ပြင်၌ လက်တွေ့ကျကျ ဆန်းစစ်မှု ရလဒ်အပေါ် ရယူနိုင်သည့်အသိနှင့် မှန်ကန်သည့်အမြင်များကို သိရှိစေနိုင်ခဲ့ကြပါသည်။

ပင်လယ်ပြင်တွင် ဘေးကင်းလုံခြုံပြီး အန္တရာယ်ကင်းအောင် အသက်ရှင်နေထိုင်လုပ်ကိုင်ရမည့် နည်းလမ်းကောင်းများကိုလည်း လက်တွေ့လိုက်နာသိမြင်ခဲ့ကြပါသည်။ အရေးကြုံလာပါက အသက်အန္တရာယ်မှ လွတ်မြောက်အောင် တစ်ဦးချင်းနှင့် အဖွဲ့လိုက်အပေါ် ဦးဆောင်မှု၊ ပူးပေါင်းမှု၊ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းကောင်းများကိုလည်း လက်တွေ့ကျကျလုပ်ဆောင်တတ်ကာ အသိပညာများ၊ အတတ်ပညာများလည်း တိုးပွားရရှိစေခဲ့ပါသည်။

**ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူများမွေးဖွားရာမြေဖြစ်သော** မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်သည် နိုင်ငံတော်ပိုင်ကောလိပ်တစ်ခုဖြစ်သည်နှင့်အညီ ယခုသွားရောက်ခဲ့သော အရာရှိလောင်းများ၏ ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ရေးခရီးစဉ်တွင်လည်း နိုင်ငံတော်အကြီးအကဲ၏ စေတနာထားမှု၊ ပံ့ပိုးပေးမှု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်အားပေးမှု ၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့၏ ကူညီဆောင်ရွက်ပေးမှု၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကူညီပေးမှုတို့ကြောင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်မှ အရာရှိလောင်းတို့၏ ပင်လယ်ပြင်လေ့ကျင့်ရေးခရီးစဉ်တစ်ခုလုံး အဆင်ပြေချောမွေ့ခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ရေကြောင်းဘက်ဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို အချိန်တိုအတွင်း သင်တန်းသားများအပေါ် လက်တွေ့ကျကျ၊ ထိထိရောက်ရောက် လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည့် ရလဒ်အကျိုးကျေးဇူးများကိုလည်း တန်ဖိုးမဖြတ်နိုင်လောက်အောင်ပင် ရရှိခဲ့ကြပါသည်။

နိုင်ငံအတွက် ရေကြောင်းဆိုင်ရာအကျိုးစီးပွားများသည် အနာဂတ်ကာလတိုင်အောင် အမြဲတမ်းရှင်သန်ရပ်တည်လျက်ရှိနေမည်ဖြစ်ပြီး အဓိကအခန်းကဏ္ဍမှလည်း ပါဝင်နေပေဦးမည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရေကြောင်းသွားလာရေး၊ ပို့ဆောင်ရေးအခန်းကဏ္ဍနှင့် ချိတ်ဆက်ကာ နိုင်ငံတစ်နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များလိုအပ်ချက်ကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရန် လိုအပ်နေပါဦးမည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်အနေဖြင့် မျိုးဆက်သစ်ရေကြောင်းအရာရှိလောင်းများ၊ သင်္ဘောသားအသစ်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိရာ နိုင်ငံတော်အတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးရာတွင် တတ်စွမ်းသည့်ဘက်မှ ကြိုးပမ်းမျှော်မှန်းဖော်ဆောင်ပေးလျက်ရှိနေပါသည်။ နိုင်ငံတော်နှင့် နိုင်ငံသားများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံတော်၏ ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများနှင့် နိုင်ငံခြားဝင်ငွေများ ရရှိနိုင်စေရန်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနေသော ရေကြောင်းဘက်ဆိုင်ရာ အတတ်ပညာသင်ကောလိပ်တစ်ခုအဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိ အစဉ်ရပ်တည်ကာ နိုင်ငံတော်အပေါ် ခေတ်ကာလအဆက်ဆက် ကျေးဇူးပြုလျက်ရှိနေမည်သာ ဖြစ်ပါတော့သည်။ ။




တပ်မတော်(ရေ) စစ်ရေယာဉ်(ချင်းတွင်း)ဖြင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်း ဒီပလိုမာသင်တန်းသားများ ပင်လယ်ပြင်လက်တွေ့လေ့ကျင့်ရေးခရီးစဉ် ထွက်ခွာစဉ်။



မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် အရာရှိလောင်း ဒီပလိုမာသင်တန်းသားများအား ရေကြောင်းပညာရပ်ဆိုင်ရာများကို သက်ဆိုင်ရာကျွမ်းကျင်ဆရာများက သင်ကြားပေးစဉ်။

# ၂၀၂၄ ခုနှစ်အတွက် အာဆီယံဆု(ASEAN Prize 2024) လျှောက်ထားနိုင်ကြောင်းကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့်နယ်ပယ်များတွင် အာဆီယံအသိုက်အဝန်းထူထောင်ရေးတို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၄ ခုနှစ် အာဆီယံဆု (ASEAN Prize 2024)ကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

( ခ ) အာဆီယံနှင့်ကမ္ဘာ့တစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

( ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပေါင်းစည်းရေးနှင့် စံနှုန်းများမြှင့်တင်ရေးဆောင်ရွက်မှုများ၊

( င ) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် အကဲဖြတ်အဖွဲ့ကို လက်ရှိအာဆီယံ အတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန်အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကို ဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည် ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင်ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https:// asean.org/nomination-form/ တွင် download ရယူဖြည့်စွက်ပြီး အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်(သို့မဟုတ်) amns.mofa@gmail.com သို့ ၂၀-၄-၂၀၂၄ **ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၅**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ မတ် ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသော မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း (Myanmar National Centers for Disease Control and Medical Training Center - Myanmar CDC) တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**နိုင်ငံတကာအဆင့်မီ သင်တန်းကျောင်းတစ်ခုဖြစ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် တရုတ်-မြန်မာ နှစ်နိုင်ငံသည် ရေးနှစ်ပေါင်းများစွာကပင် ခိုင်မာသည့် နှစ်နိုင်ငံဆက်ဆံရေးရှိသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြပါကြောင်း၊ ယခုတည်ဆောက်လျက်ရှိသည့် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အကူအညီဖြင့် ၂၀၂၁ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံတကာအဆင့်မီ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာနနှင့် သင်တန်းကျောင်းတစ်ခုဖြစ်ပြီး ဇီဝလုံခြုံမှုအဆင့်-၃ အထိရှိသော ဓာတ်ခွဲခန်းများ အပါအဝင် နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးစနစ်များပါရှိသော သုံးထပ်ရောဂါကာကွယ်ထိန်းချုပ်ရေး အဆောက်အအုံ၊ သင်တန်းသား သင်တန်းသူ ၂၀၀ ခန့်ထားရှိ၍ လေ့ကျင့်သင်ကြားပေးနိုင်မည့် သုံးထပ် ကျန်းမာရေးသင်တန်းကျောင်းအဆောက်အအုံနှင့် နှစ်ထပ်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံတို့ ပါရှိမည်ဖြစ်ကာ ဤစီမံကိန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးသော ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၏ ပြယုဂ်တစ်ခုအဖြစ် ထင်ဟပ်စေမည့် နိုင်ငံတကာအဆင့်မီ စီမံကိန်းလည်းဖြစ်ပါကြောင်း၊ Myanmar CDC စတင်ဖွင့်လှစ်၍ လုပ်ငန်းများလည်ပတ်နိုင်ချိန်တွင် မြန်မာနိုင်ငံအတွက်သာမက အိမ်နီးချင်းနိုင်ငံများနှင့် အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများအတွက်ပါ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အကျိုးရှိစေနိုင်မည့် ရောဂါကာကွယ်ထိန်းချုပ်ရေးဌာနတစ်ခုဖြစ်စေရန် ရည်ရွယ်ထားရှိကြောင်း၊ ယခုအခါ တည်ဆောက်မှုလုပ်ငန်းများ၏ ၉၃ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး မကြာမီကာလတွင် ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း၊ Myanmar CDC တွင် တာဝန်ထမ်းဆောင်ကြမည့် ဓာတ်ခွဲဆိုင်ရာကျန်းမာရေးဝန်ထမ်းများအား ပြည်တွင်းတွင်လည်းကောင်း၊ ပြည်ပအတွေ့အကြုံ ရရှိနိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စေလွှတ်၍လည်းကောင်း လေ့ကျင့်သင်တန်းပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် လိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်လျက်ရှိပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို အချိန်မီပြီးစီးနိုင်ရန် အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိသော မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် တာဝန်ခံဆောင်ရွက်ပေးနေသော ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ကူးစက်)မှ Myanmar CDC တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ပံ့ပိုးဆောင်ရွက်ပေးမှုအခြေအနေများကိုလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို Power point presentation ဖြင့် လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှုပေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Myanmar National CDC and Medical Training Center တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဇီဝလုံခြုံမှုအဆင့်-၂ နှင့် ဇီဝလုံခြုံမှုအဆင့်-၃ ရှိ ဓာတ်ခွဲခန်းများနှင့် အခြားဓာတ်ခွဲခန်းများတွင် စက်ပစ္စည်းများ ပြင်ဆင်နေမှုနှင့် တပ်ဆင်စမ်းသပ်နေမှုများကို ကြည့်ရှုစစ်ဆေးခြင်း၊ သင်တန်းခန်းမများ၊ သင်တန်းသားအိပ်ဆောင်များ၊ သင်တန်းသားများ၏ စားသောက်ခန်းမပြင်ဆင်ထားရှိမှု၊ အုပ်ချုပ်မှုဆောင်နှင့် အစည်းအဝေးခန်းမများကို လှည့်လည်ကြည့်ရှုစစ်ဆေးခြင်းနှင့် လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် ဘာသာရပ်ပေါင်းစုံ မိသားစုထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် မတ် ၅**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ မိသားစုထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် ကျင်းပခဲ့သည်။

ထမနဲထိုးပြိုင်ပွဲသို့ ဘာသာရပ်ပေါင်းစုံ ၁၄ ဌာနတို့မှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ရန်ကုန် အနောက်ပိုင်းတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာသန်းဇော်ဦး၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာသန္တာ၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာသဇင်လွင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာရင်ရင်လွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မြန်မာစာဌာန၊ ဒုတိယဆုရရှိသည့် အရှေ့တိုင်းပညာဌာန၊ တတိယဆုရရှိသည့် သင်္ချာဌာနနှင့် နှစ်သိမ့်ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်ဌာန ၁၁ ဌာနတို့မှ ပြိုင်ပွဲဝင်အသင်းများအား ခေတ္တပါမောက္ခချုပ် ဒေါက်တာသန်းဇော်ဦး၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာသန္တာ၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာသဇင်လွင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာရင်ရင်လွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ **ဇင်မင်းထိုက်(ထန်းတပင်)**



ပြင်ပ အလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်း လျှပ်စစ်မီးများကို လျှော့သုံးပါ

# အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့် သုဇနကာရီ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများသို့ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်

နေပြည်တော် မတ် ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ နေပြည်တော် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ကလေးများအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်ပြီး ကလေးများ သင်ကြားလေ့ကျင့်ပေးမှုများကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မူလတန်းကြိုကျောင်း၏ ကြီးကြပ်သူများ၊ တာဝန်ခံဆရာမများနှင့်တွေ့ဆုံ၍ မူလတန်းကြိုအရွယ်သည် စူးစမ်းလေ့လာမှု အားကောင်း၍ ပတ်ဝန်းကျင်မှ ပြုစုပျိုးထောင်ပေးမှုများသည် ကလေးများဖွံ့ဖြိုးမှုအတွက် အရေးပါသည့် အခန်းကဏ္ဍများဖြစ်ပါကြောင်း၊ ကလေးများအတွက်ဖွံ့ဖြိုးမှုနည်းလမ်းများနှင့်အညီ စနစ်တကျ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ခံစားမှု၊ ပေါင်းသင်းဆက်ဆံရေး စသည်ဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မကြာခင် မူလတန်းသို့ တက်ရောက်ရမည့် ရင်သွေးငယ်များအတွက် မူလတန်းကြိုကျောင်းများသည် သင်ယူမှု၏ အဓိကအခြေခံအုတ်မြစ်များဖြစ်သဖြင့် တတ်နိုင်သမျှ ထောက်ပံ့ပေးရမည်ဖြစ်ပါကြောင်း၊ လူမှုသဟဇာတဖြစ်စွာဖြင့် နေထိုင်တတ်ပြီး ကိုယ်ချင်းစာနာစိတ်ဖြင့် မိမိပတ်ဝန်းကျင်ကို အကျိုးပြုသည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်စေရေးအတွက် ဆရာ၊ မိဘနှင့်တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့ပြီး ကလေးများကို အရုပ်၊ မုန့်နှင့် ပဲနို့များ ကျွေးမွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာရှိ လူမှုဝန်ထမ်းဦးစီးဌာန တည်ထောင်ခွင့်ပြုမိန့်ရ သုဇနကာရီလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသို့သွားရောက်၍ ဂေဟာ၏နာယကဆရာတော်အား ဖူးမြော်ကန်တော့ပြီး ဂေဟာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ မေးမြန်းလျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဂေဟာရှိ တာဝန်ခံများ၊ ဂေဟာအုပ်ချုပ်ရေးမှူးအပါအဝင် ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ကလေးများအား စောင့်ရှောက်ထားရှိမှုအခြေအနေ၊ စားသောက်ရေး၊ နေထိုင်ရေးနှင့် မိသားစုများနှင့် တွေ့ဆုံနိုင်ရေး ဆောင်ရွက်ပေးနေမှုကို မေးမြန်းခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဂေဟာရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း တာဝန်ခံနှင့် ဆရာမများ၊ ကလေးများကို တွေ့ဆုံ၍ သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ပြီး ဂေဟာရှိ ကျောင်းသား ကျောင်းသူများ၊ မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်လေးများအား အရုပ်၊ မုန့်နှင့် စားသောက်ဖွယ်ရာများ ကျွေးမွေးထောက်ပံ့ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ပြည်သူများ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး ထရန်စဖော်မာ တိုးချဲ့တည်ဆောက်

ရန်ကုန် မတ် ၅

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် (၁၃)ရပ်ကွက် ဝိဇ္ဇာသုခလမ်းနှင့် ကျောင်းလမ်းထောင့်တွင် 200kVA ထရန်စဖော်မာ တစ်လုံး တိုးချဲ့တပ်ဆင်ရန် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါထရန်စဖော်မာ ဓာတ်အားလွှတ်ပြီးပါက (၁၃)ရပ်ကွက်အတွင်းရှိ ပြည်သူများ ယခင်ကထက် အလှည့်ကျဓာတ်အားပေးချိန် ပိုမိုမှန်ကန်ပြီး ဗို့အားများ ပြည့်ဝစွာ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**



---

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ မန္တလေးလူငယ်သင်တန်းကျောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၅

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာ တင်မောင်မောင်သန်းနှင့် ဦးတင်အောင်တို့ ဦးဆောင်သောအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မန္တလေးလူငယ်သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ယင်းအဖွဲ့သည် သင်တန်းကျောင်းအတွင်းရှိ လက်ခံစောင့်ရှောက်သင်ကြားပေးလျက်ရှိသော လူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာကျွေးမွေးမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှု၊ အိပ်ဆောင်များထားရှိမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု၊ လူငယ်များ စာရိတ္တပြုပြင်၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်ပြုစုပေးခြင်းဖြင့် လူမှုပတ်ဝန်းကျင်တွင် ပြန်လည်ဝင်ဆံ့နိုင်အောင် ပြုစုပျိုးထောင် ပေးမှုအခြေအနေများနှင့် ပညာသင်ကြားခွင့်၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကော်မရှင်အဖွဲ့၏ မန္တလေးလူငယ်သင်တန်းကျောင်း ကြည့်ရှုစစ်ဆေးရေးခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

# YESC ပိုင်တိုင်များပေါ်တွင် တရားမဝင်သွယ်တန်းထားသော wifi ကြိုးများ၊ Drop Fiber များနှင့် ဆက်စပ်ပစ္စည်းများအား ရှင်းလင်းဆောင်ရွက်

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ မြို့နယ်အတွင်းရှိ YESC ပိုင်တိုင်များပေါ်တွင် တရားမဝင်သွယ်တန်းထားသော ကြိုးများကို မရမ်းကုန်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးက ယမန်နေ့နံနက် ၉ နာရီခွဲတွင် ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ရှင်းလင်းဆောင်ရွက်**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဆောင်၍ ရန်ကုန်-အင်းစိန်လမ်း၊ သမိုင်းလမ်းဆုံမှ ပါရမီလမ်းဆုံဘေး (ဝဲ၊ ယာ)ရှိ YESC ပိုင်တိုင်များပေါ်တွင် တရားမဝင် သွယ်တန်းထားသော wifi ကြိုးများ၊Drop Fiber များနှင့် ဆက်စပ်ပစ္စည်းများကို MPT Fiber အဖွဲ့များနှင့် ပူးပေါင်း၍ မြို့အင်္ဂါရပ်နှင့် ညီစေရန် Cable များကို ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

---

# ဝမ်းတွင်းမြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေး မီးသတ်အုတ်ရေလှောင်ကန်များအား စစ်ဆေးခြင်း၊ ရေဖြည့်တင်းခြင်းများဆောင်ရွက်

ဝမ်းတွင်း မတ် ၅

မန္တလေးတိုင်း ဒေသကြီး ဝမ်းတွင်းမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနက မြို့ပေါ်ရပ်ကွက်များအတွင်းရှိ မီးသတ်အုတ်ရေလှောင်ကန်များအား စစ်ဆေးခြင်း၊ ရေဖြည့်တင်းခြင်းများကို မတ် ၃ ရက်က ဆောင်ရွက်ခဲ့သည်။

**မီးဘေးကာကွယ်ရေးဆောင်ရွက်**

ဝမ်းတွင်းမြို့နယ် အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ မီးသတ်အုတ်ရေလှောင်ကန် များအား စစ်ဆေးခြင်း၊ ရေဖြည့်တင်းခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစိုးထွန်းဦးဆောင်၍ ဆောင်ရွက်ခဲ့သည်။



ဝမ်းတွင်းမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပြီး အသိပညာပေးစစ်ဆေးအကြံပြုခြင်းများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ယခုနှစ်ဇန်နဝါရီလတွင် ကမ္ဘောဒီးယားနိုင်ငံ၏ ခရီးသွားဝင်ရောက်မှု ၃၄ ရာခိုင်နှုန်းအထိ စံချိန်တင် မြင့်တက်



ဖနောင်ပင် မတ် ၅

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံတကာခရီးသွား ၅၄၀၀၂၃ ဦးကို ဆွဲဆောင်နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ် အလားတူကာလတွင် ၄၀၂၉၄၃ ဦးရှိခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃၄ ရာခိုင်နှုန်း တိုးလာကြောင်း ကမ္ဘောဒီးယားနိုင်ငံခရီးသွားလုပ်ငန်းဝန်ကြီးဌာနက မတ် ၅ ရက်တွင်ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယခုနှစ် ဇန်နဝါရီလတွင် ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှု အများဆုံးနိုင်ငံများ စာရင်းတွင် ထိုင်းနိုင်ငံသည် ထိပ်ဆုံးမှရပ်တည်နေပြီး ၎င်းနောက်တွင် ဗီယက်နမ်နိုင်ငံနှင့် တရုတ်နိုင်ငံတို့က နိုင်ငံတကာခရီးသွားဝင်ရောက်မှု အများဆုံးနိုင်ငံများအဖြစ် ရပ်တည်နေကြောင်း အဆိုပါ အစီရင်ခံစာက ဆိုသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း ထိုင်းနိုင်ငံသား ၁၆၃၆၆၁ ဦး၊ ဗီယက်နမ်နိုင်ငံသား ၈၅၇၀၀ နှင့် တရုတ်နိုင်ငံသား ၄၆၇၈၁ ဦးတို့ ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်ခဲ့ပြီး နိုင်ငံခြားသားခရီးသွား ဝင်ရောက်မှုနှုန်းတွင် ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ၁၇ ရာခိုင်နှုန်း၊ ၃၃ ရာခိုင်နှုန်းနှင့် ၈၇ ရာခိုင်နှုန်း အသီးသီးမြင့်တက်လာခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ်ကို ကမ္ဘောဒီးယား-တရုတ် အပြန်အလှန်ခရီးသွားရေးနှစ်အဖြစ် ဇန်နဝါရီလတွင် စတင်သတ်မှတ်ခဲ့ကြောင်း သိရသည်။ ခရီးသွားလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုသည့် ကဏ္ဍလေးခုအနက်မှ တစ်ခုဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် နိုင်ငံခြားခရီးသွားဧည့်သည်ဝင်ရောက်မှု ၅ ဒသမ ၄၅ သန်းရှိခဲ့ပြီး ခရီးသွားဝင်ရောက်မှုမှ စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၈ ဘီလီယံ ရရှိခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# တူကီယဲနိုင်ငံက ဂါဇာဒေသရှိ ပါလက်စတိုင်းတို့အား အကူအညီများ တိုးမြှင့်ပေးအပ်




အစ္စတန်ဘူလ် မတ် ၅

တူကီယဲနိုင်ငံသည် ဂါဇာကမ်းမြောင်ဒေသရှိပါလက်စတိုင်းတို့အား ထောက်ပံ့ရေးပစ္စည်းများ ပိုမိုပေးပို့သည့်အနေဖြင့် ဂါဇာကမ်းမြောင်ဒေသသို့ ၎င်း၏အကူအညီများကို တိုးမြှင့်ပေးအပ်ခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက မတ် ၅ ရက်တွင် ဖော်ပြခဲ့သည်။

ဂါဇာကမ်းမြောင် ဒေသရှိ ဝေဒနာသည်များအတွက် ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များသည် A400M လေယာဉ်ဖြင့် မတ် ၄ ရက်တွင် ဂျော်ဒန်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး ဂါဇာကမ်းမြောင်သို့ ဆက်လက် ပို့ဆောင်မည်ဖြစ်ကြောင်း တူကီယဲနိုင်ငံကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

မတ် ၄ ရက်တွင် တူကီယဲ လခြမ်းနီအဖွဲ့မှ ဂါဇာဒေသသို့ ထောက်ပံ့ရေးပစ္စည်း တန်ချိန် စုစုပေါင်း ၂၇၀၀ နီးပါး ပေးပို့ခဲ့ကြောင်း သိရသည်။

တူကီယဲနိုင်ငံမှ ပရဟိတအဖွဲ့ခေါင်းဆောင် ဖက်မာမီရစ် ယီလ်မက်ဇ်သည် ကယ်ဆယ်ရေးပစ္စည်းများ သင်္ဘောပေါ်သို့ တင်ဆောင်ခြင်း လုပ်ငန်းစဉ်ကို လုပ်ဆောင်ခဲ့ပြီး တူကီယဲနိုင်ငံတောင်ပိုင်း မာဆင်ပြည်နယ်မှ အီဂျစ်နိုင်ငံသို့ လာမည့်ရက်များအတွင်း ရောက်ရှိနိုင်ရေး စီစဉ်ထားကြောင်း တွစ်တာဟု လူသိများသည့် လူမှုကွန်ရက်စာမျက်နှာ X တွင် ကြေညာခဲ့သည်။

အီဂျစ်နိုင်ငံမှ တစ်ဆင့် ထောက်ပံ့ရေး ပစ္စည်းများကို ရာဖာနယ်စပ်ဂိတ်မှ ကုန်တင်ကားများဖြင့် ဂါဇာဒေသသို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း ယီမက်ဇ်က ပြောကြားသည်။

တူကီယဲ လခြမ်းနီအဖွဲ့သည် ဟားမတ်စ်-အစ္စရေး ပဋိပက္ခစတင်ဖြစ်ပွားချိန်ကတည်းက ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီအဖြစ် ထောက်ပံ့ရေးပစ္စည်း တန်ချိန် ၃၀၀၀ ကျော် ပေးပို့ခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# ကိုဗစ်-၁၉ ရောဂါသောက်ဆေး Xocova ကို သုံးစွဲရန် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြု

တိုကျို မတ် ၅

ဂျပန်နိုင်ငံ ဆေးဝါးကုမ္ပဏီ Shionogi မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ရောဂါသောက်ဆေး Xocova ကို သုံးစွဲရန် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့အတည်ပြုခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရသိရသည်။

ယမန်နေ့ကကျင်းပသည့်အစည်းအဝေးတွင် ၎င်းဆေးဝါး၏ အစွမ်းထက်ထိရောက်မှုရှိပြီး ဘေးထွက်ဆိုးကျိုး တစ်စုံတစ်ရာမရှိကြောင်း မှတ်ချက်ကို ထပ်လောင်းအတည်ပြုခဲ့သည်။ အဆိုပါဆေးဝါးကို ကိုဗစ်-၁၉ ရောဂါလက္ခဏာစတင်ပြသသည့် လူနာများအား သောက်သုံးစေမည်ဖြစ်သည်။ ယင်းဆေးကို အရေးပေါ်သုံးစွဲရန် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် စတင်ခွင့်ပြုခဲ့ပြီး ၎င်းအချိန်အတွင်းက ဂျပန်နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်မှုအများအပြားတွေ့ရှိနေရချိန်ဖြစ်သည်။

ယခုဆေးဝါးအတွက် ပိုမိုပြည့်စုံသည့် ရောဂါကုသရေးအပေါ် အကျိုးပြုနိုင်မည့် အချက်အလက်များရှာဖွေတင်သွင်းရန် Shionogi ကုမ္ပဏီအား ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားခဲ့သဖြင့် ၎င်းဆေးဝါးဆိုင်ရာအချက်အလက်များကို ၂၀၂၃ ခုနှစ် ဇွန်လတွင် တာဝန်ရှိသူများထံ အဆိုပါကုမ္ပဏီက တင်သွင်းခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ




# မလေးရှားနိုင်ငံက ပျောက်ဆုံး အမ် အိတ်ချ် ၃၇၀ လေယာဉ်အား ထပ်မံရှာဖွေမှုများဆောင်ရွက်မည်

ကွာလာလမ်ပူ မတ် ၅

မလေးရှားနိုင်ငံသည် လွန်ခဲ့သည့် ဆယ်နှစ်က ပျောက်ဆုံးခဲ့သည့် အမ်အိတ်ချ် ၃၇၀လေယာဉ်ကို ထပ်မံရှာဖွေမှုများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မလေးရှားပို့ဆောင်ရေးဝန်ကြီး အန်ထော်နီလော့ခ်က ယနေ့ပြောကြားသည်။




ယင်းလေယာဉ်သည် ၂၀၁၄ ခုနှစ် မတ် ၈ ရက်တွင် ခရီးသည် ၂၃၉ ဦးကို တင်ဆောင်၍ ကွာလာလမ်ပူမှပေကျင်းသို့ ဦးတည်ထွက်ခွာလာခဲ့စဉ် ပဟေဠိဆန်စွာ ပျောက်ဆုံးခဲ့သည်။ အဆိုပါလေယာဉ်မတော်တဆမှု ကဲ့သို့သောလေကြောင်းမတော်တဆမှုများ ထပ်မံမဖြစ်ပွားစေရေး လိုအပ်သည့်အစီအမံများ ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း ၎င်းဖြစ်စဉ်အတွက် တိကျသေချာသည့် ဖြေရှင်းချက်များရရှိရေးဆောင်ရွက်ရန် တာဝန်ရှိနေသေးကြောင်း အန်ထော်နီက ထပ်လောင်းပြောကြားသည်။

အမ်အိတ်ချ် ၃၇၀လေယာဉ်ကို ရှာဖွေရေးအတွက် တာဝန်ယူဆောင်ရွက်နေသည့် Ocean Infinity ကုမ္ပဏီသည် လေယာဉ်ရှာဖွေရေးအတွက် ယခင်ကကြိုးပမ်းခဲ့သော်လည်း အချည်းနှီးဖြစ်ခဲ့ရသောကြောင့် ယခုတစ်ကြိမ်တွင် ထပ်မံရှာဖွေခွင့်ရရှိရေးအတွက်စာချုပ်အသစ်ချုပ်ဆိုရေး ပါလီမန်တွင် တင်ပြဆောင်ရွက်မည်ဖြစ်ကြောင်း အန်ထော်နီက မှတ်ချက်ပြုပြောကြားသည်။

ကိုးကား-စီအင်န်အင်န်
ဘာသာပြန်-စိုးသူရ

# ဟူသီအဖွဲ့က အမေရိကန်နှင့် အစ္စရေးသင်္ဘောများကို တိုက်ခိုက်

အေဒင် မတ် ၅

ယီမင်နိုင်ငံရှိ ဟူသီအဖွဲ့သည် အာရေဗျပင်လယ်အတွင်းရှိ အစ္စရေးသင်္ဘောတစ်စင်းနှင့် ပင်လယ်နီရှိ အမေရိကန်စစ်သင်္ဘောများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း ယမန်နေ့က ကြေညာခဲ့သည်။

ဟူသီအဖွဲ့၏ Al-Masirah ရုပ်သံလိုင်းမှ ထုတ်လွှင့်သည့်ကြေညာချက်တွင် ဟူသီအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ Yahya Sarea က ၎င်းတို့သည် အာရေဗျပင်လယ်အတွင်း အစ္စရေးသင်္ဘော 'MSC SKY' အား ပစ်မှတ်ထား စစ်ဆင်ရေးပြုလုပ်ခဲ့ကြောင်း ပြောကြားသည်။ ပါလက်စတိုင်းပြည်သူများဘက်မှ ရပ်တည်သည့်အနေဖြင့် အစ္စရေးသင်္ဘောများကို ဆက်လက်တိုက်ခိုက်ရေးအတွက် ကတိပြုကြောင်း ၎င်းကထပ်လောင်းပြောကြားခဲ့သည်။

ဒေသတွင်း အရေးပါသော သင်္ဘောလမ်းကြောင်းများတွင် တင်းမာမှုများ မြင့်တက်လာစဉ် ယခုတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယမန်နှစ် နိုဝင်ဘာလလယ်ကတည်းက ယီမင်ရှိ ဟူသီသူပုန်များသည် ပင်လယ်နီနှင့် အာရေဗျပင်လယ် အတွင်း ဖြတ်သန်းသွားလာနေသည့် ကုန်သွယ်မှုနှင့် စစ်ရေယာဉ် ၅၀ ခန့်ကို တိုက်ခိုက်ခဲ့သည့်အတွက် ယင်းဒေရိယာတစ်လျှောက် ကူးသန်းသွားလာမှု ၄၀ ရာခိုင်နှုန်း လျော့ကျခဲ့သည်။ ၎င်းဖြစ်ရပ်များကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်နှင့် ဗြိတိန်တို့သည် ယီမင်ရှိ ဟူသီပစ်မှတ်များကို ဇန်နဝါရီလလယ်တွင် စတင်တိုက်ခိုက်ခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မတ် ၅

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်နေ စိုးခိုင်(ခ)ကျော်သူနှင့် မနွယ်နွယ်ဝင်း (ခ)နွယ်ပုတို့က တစ်မြို့တည်းနေ မ----၊ ၂၀/၂၃ နှစ်အား မိုင်းပေါက်မြို့ရှိ ငါးမန်းဂိမ်းဆိုင်တွင် တစ်လ ခြောက်သိန်းကျပ်ဖြင့် အလုပ်လုပ်ကိုင်ရမည်ဟုပြောဆိုစည်းရုံးကာ တရုတ်ပြည်သို့ ပို့ဆောင်၍ တရုတ်ငွေ ယွမ် ၅၅၀၀၀ ဖြင့် ရောင်းစားပြီး ငွေကြေးအကျိုးအမြတ် ရယူခဲ့သဖြင့် ကျောက်ဆည်မြို့မရဲစခန်းက (ပ)၁၈၅/၂၀၂၃၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့်အမှုရေးဖွင့်ခဲ့ပြီး ကျောက်ဆည်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မတ် ၄ ရက်တွင် တရားခံ စိုးခိုင်(ခ)ကျော်သူနှင့် မနွယ်နွယ်ဝင်း (ခ)နွယ်ပုတို့အား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် DJI Drone Mavic Air (Used) တစ်လုံး၊ Yun Yan Fitter စီးကရက်လေးတောင့်၊ ကျောက်စိမ်းဟု ယူဆရသော ရေနွေးကရားတစ်စုံ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်)၌ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

ထို့အတူ မတ် ၃ ရက်တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇာသပြင်တံတားအနီး၌ ဇာသပြင်မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်တစ်ကောင် စားဆီ ၁၈လီတာပါ ပုံး ၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၀၀၀၀၀)၊ M1–150 အားဖြည့်အချိုရည် ပုလင်း ၁၅၀၀၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၈၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၄ ရက်တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြစ်ကြီးနားမြို့၌ မလိခကျေးရွာမှ နန်းကွေ့ကျေးရွာသို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ် ကီလိုဂရမ် ၁၀၅၀ (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် SO JEN Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၀၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၉ ဒသမ ၄၉၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၃၄၃၄၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❍ **MNL မှ**

ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၀ မိနစ်တွင် ရဲရင့်အောင်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင်လည်း ရှမ်းယူနိုက်တက်အသင်းက ပွဲကိုထိန်းကစားခဲ့ပြီး ၂၁ မိနစ်တွင် မတ်ခ်ဆာကီ၊ ၂၈၊ ၄၃ မိနစ်တွင် စအောင်ပြည့်ကိုတို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ကစားသမားများ လဲလှယ်အသုံးပြုခဲ့ပြီး နောက်ဆုံးပွဲသိမ်းဂိုးကို ၅၆ မိနစ်တွင် သက်ဝေမိုးက သွင်းယူခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက တက္ကသိုလ်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် ပထမပွဲအနိုင်ရခဲ့သည့် ပွဲထွက်ကစားသမားအများစုဖြင့် ဆက်လက်ပွဲထွက်ခဲ့ပြီး အနိုင်ဂိုးများကို ပွဲအစ ၁၅ မိနစ်အတွင်း နှစ်ဂိုးနှင့် ပွဲပြီးခါနီး နာကျင် အချိန်ပိုတွင် နှစ်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၄ မိနစ်တွင် အီမန်နျူရယ်၊ ၁၅ မိနစ်တွင် တက်တာ၊ မိနစ် ၉၀ တွင် လမင်းထွေးနှင့် ၉၀+၄ မိနစ်တွင် ဥက္ကာနိုင်တို့က သွင်းယူခဲ့သည်။ တက္ကသိုလ်ကွင်း၌ကျင်းပသည့်ပွဲတွင် ကချင်ယူနိုက်တက်အသင်းက Rainbow အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် GFA အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ GFA အသင်းအတွက် ဂိုးများကို ၄၅+၁ မိနစ်တွင် ကျော်ဝင်း၊ ၅၉ မိနစ်တွင် John Kui Hleih၊ ၇၄ မိနစ်တွင် ကျော်စွာထက်၊ ၉၀+၃ မိနစ်တွင် ရာဇာမျိုးတို့က သွင်းယူခဲ့ပြီး ရွှေပြည်သာအသင်းအတွက် ဂိုးများကို ၂၂ မိနစ်တွင် ဉာဏ်မင်းထက်၊ ၇၆ မိနစ်တွင် ကျော်ခြူး၊ ၈၈ မိနစ်တွင် ဖြိုးချစ်တို့က သွင်းယူခဲ့သည်။

ဒုတိယနေ့အပြီးတွင် အုပ်စု (က) ၌ ရန်ကုန်အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ မဟာယူနိုက်တက်နှင့် GFA အသင်းက တစ်ပွဲကစား သုံးမှတ်စီရထားပြီး ရွှေပြည်သာအသင်းနှင့် တက္ကသိုလ်အသင်းတို့က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ အုပ်စု (ခ) ၌ ရှမ်းယူနိုက်တက်အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ ရခိုင်ယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်းက တစ်ပွဲကစား သုံးမှတ်စီရထားပြီး Rainbow အသင်းနှင့် Glory Goal အသင်းတို့က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

မတ် ၆ ရက်တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် Dagon Port အသင်း၊ တက္ကသိုလ်ကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း၊ ပဒုမ္မာကွင်း၌ ရက္ခပူရယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း၊ YUSC ကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ကိုညီလေး**
**ဓာတ်ပုံ–MNL**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၃-၂၀၂၄ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (မောရသုတ်၊ ဝဋ္ဋသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ဂုဏ်ယူရသည့်အမွေအနှစ်များနှင့်ချစ်သောပုဂံ
- ၀၉:၁၅ စနစ်တကျပန်တီးတီထွင်မြန်မာ့အထူးတန်းကော်ဖီလုပ်ငန်းခွင်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၁:၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၁:၃၀ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုဘာသာရပ်ဆိုင်ရာသင်ကောင်းစရာများ (ပထဝီဝင်ဘာသာရပ်)
- ၁၃:၀၅ သီချင်းကြိုးပဒေသာ
- ၁၃:၁၅ MRTV National News
- ၁၃:၅၀ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း 'ကြယ်နှင့်အတူ' (အပိုင်း–၁၁+၁၂)
- ၁၅:၂၅ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုဘာသာရပ်ဆိုင်ရာသင်ကောင်းစရာများ (သမိုင်းဘာသာရပ်)
- ၁၆:၃၅ မျိုးဂုဏ်တင့်စေ ဆိုကရေးတီးအမွေ
- ၁၇:၀၅ ရွှေသို့ချီမည် ပန်းတိုင်ဆီ
- ၁၇:၂၀ Weekly Soccer Preview
- ၁၇:၄၀ Next Level
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ ရယ်ရွှင်ပျော်(ဟာသတစ်ခန်းရပ်ပြဇာတ်) **'တစ်ခုပြီးတော့တစ်ခု'**
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်သူ့အနားက ချစ်လိပ်ပြာ'** (အပိုင်း–၁၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ရုပ်စုံဇာတ်တော်ကြီးပြိုင်ပွဲ) (ဝါသနာရှင်(ပထမတန်း) အဆင့်) (တတိယဆု) 'ပညာရွှေအိုး' (မိုးပြည်မြင့်မိုရ်ရုပ်စုံသဘင်) (ပဲခူးတိုင်းဒေသကြီး)
- ၂၂:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'တော်ဝင်စားပွဲ'** (အပိုင်း–၂)

**mitv**

- 07:01 Evergreen Classic: Aseinnaya (Takkatho Lae Lae)
- 07:10 Athet Htet Myat Thaw Gon Theikkar or Dignity Greater Than Life (Re-edit)
- 07:31 A Way of Life: Karate-do
- 07:44 Kyaukse Cement Plant
- 08:01 News
- 08:26 Image Of The Monks
- 08:43 Travelogue: "Anyar Myay" or Upcountry (Part-3)
- 09:01 Daytamotbarat Sasana Land
- 09:24 Oboist and His Life
- 09:45 Enchanting Myeik
- 10:01 News

**MRTV NRC**

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
ပြုံးပဒေသာ(အပိုင်း–၁)

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
ထိန်းသိမ်းအစဉ်အလာ တို့ဝလေ့ရိုးရာ

**မ (၁၀:၀၀ မှ ၁၂:၀၀)**
ဆန်တို့ပူးပြုလုပ်နည်း

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
လီဆူးရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း–၅)

**ဝကေကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ကရင်အငေါ်အငေါ်စာအုပ်

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
သဘာဝရဲ့လက်ဆောင်အင်းရဲကျွန်း

**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ကရင်အိမ်သို့အလည်တစ်ခေါက်

**ချင်း (ဖလမ်း) (၁၉:၀၀ မှ ၂၀:၀၀)**
ကြက်သားတုံးကြော်

**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
တောင်ကြားပန်းတို့ရှိရာသီ တစ်ခေါက်တစ်ခါ အလည်ရောက်စေချင်

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
လုံချည်နွေးထွေးအရိပ်ပေးမွန်တို့ရိုးရာအိမ်ကလေး

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၄၅ Football Highlights
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၄၅ ကမ္ဘာ့တစ်လွှားအနုပညာသတင်းများ
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၃:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အရိပ်တကြည့်ကြည့်'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် အနာဂတ်ဒီမိုကရေစီ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီရှိသမ္မတနိုင်ငံ)
- ၁၁:၃၀ ရွှေသို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း–၆)
- ၁၈:၀၀ Economic review

**MRTV FARMERS' / HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ တောင်သူလယ်သမားဘဝဖွံ့ဖြိုးဖို့ တစ်နှစ်သုံးသီးစိုက်ကြစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ Hidden.Figures.2016 (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ အရိပ်ပမာ(ဇာတ်လမ်း)
- ၂၃:၃၀ Working the land for our climate - Healthy soil, healthy world | DW Documentary

**MRTV SPORTS / HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၁၆:၄၅ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၃၅ Weekly MNL Review

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သူများအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်



နေပြည်တော် မတ် ၅

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှ မတ် ၅ ရက်အထိ တရုတ်နိုင်ငံသား ၁၉၆၉ ဦး၊ ဗီယက်နမ် နိုင်ငံသား ၃၈ ဦး၊ ထိုင်းနိုင်ငံသား ၉၃ ဦး၊ အိန္ဒိယနိုင်ငံသား ၃၃ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံသား ၂၄ ဦးတို့ အပါအဝင် နိုင်ငံခြားသားစုစုပေါင်း ၂၂၀၁ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၄ ခုနှစ် မတ် ၅ ရက်အထိ တရုတ်နိုင်ငံသား ၅၀၇၇၂ ဦးအပါအဝင် နိုင်ငံခြားသားစုစုပေါင်း ၅၂၈၂၀ ကို စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ သက်ဆိုင်ရာ နိုင်ငံများမှ တာဝန်ရှိသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တန့်ဆည်မြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူ ၁၁ ဦးကို သတ်ဖြတ်ခဲ့ပြီး နေအိမ် ၅၆ လုံးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ










နေပြည်တော် မတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်ရှိ ကျေးရွာများမှ ပြည်သူ ၁၁ ဦး ကို သတ်ဖြတ်ခြင်း၊ ကျေးရွာ ကိုးရွာမှ နေအိမ် ၅၆ လုံးကို မီးရှို့ဖျက်ဆီးခဲ့ခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ယူဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က မဟုတ်မမှန် လုပ်ကြံရေးသားပြီး ပြည်သူများအထင်အမြင် လွဲမှားစေရန်အတွက် လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ တန့်ဆည်မြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူ ၁၁ ဦး ကို သတ်ဖြတ်ခဲ့ခြင်း၊ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်သွားခြင်းစသည့် သတင်းများမှာ မှန်ကန်မှုမရှိဘဲ လုပ်ကြံရေးသားထားခြင်းသာဖြစ်ကြောင်း သိရသည်။

### မီးရှို့ဖျက်ဆီးခဲ့

PDF အမည်ခံ အကြမ်းဖက်သမားများသည် တန့်ဆည်မြို့နယ်အတွင်း တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှု မရှိစေရန်အတွက် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၂၁ ရက်က ကံထူးမကျေးရွာရှိ နယ်မြေရဲစခန်းကို လာရောက်တိုက်ခိုက်ကာ ကျေးရွာရှိနေအိမ်များနှင့် နယ်မြေရဲစခန်းကို မီးရှို့ဖျက်ဆီးခဲ့သည်။ ထို့ပြင် ဖေဖော်ဝါရီ ၂၃ ရက်၊ ၂၄ ရက်၊ ၂၉ ရက်နှင့် မတ် ၄ ရက်တို့တွင်လည်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်လုပ်လက်နက်ကြီးများ၊ ဒရုန်းများဖြင့် နှောင့်ယှက်တိုက်ခိုက်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးနှင့် လေကြောင်း ပစ်ကူယူ၍ ပြန်လည်တိုက်ခိုက်ခဲ့မှုကြောင့် အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့ရပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Min Chit Thu” Facebook အကောင့်နှင့် “ညီမလေးရဲ့ကိုကို” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျွဲမကြကျေးရွာနေ ကျော်ကျော်(ခ)ကျော်ကြီးအား နံနက် ၁၀ နာရီ ၅၀ မိနစ်တွင် နတ်မောက်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရမည်းသင်းမြို့နယ် စစ်အခြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ နိုင်ငံတစ်ဝန်းမှ ပေါ်တာဆွဲခံရသော လူငယ် ၄၀၀ ကျော်ကို စစ်သင်တန်း တက်ရောက်ရန် ပို့ဆောင်လိုက်ကြောင်း ကောလာဟလသတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် မတ် ၅

ရမည်းသင်းမြို့နယ်ရှိ စစ်အခြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ မတ် ၂ ရက်က ၁၂ ဘီးကားအစီး ၂၀ ဖြင့် လူငယ် ၄၀၀ ကျော် ရောက်ရှိနေကြောင်း၊ အဆိုပါလူငယ်များမှာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအပါအဝင် မြို့ကြီးများမှ ပေါ်တာဆွဲခံရသည့် လူငယ်များဖြစ်ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ကောလာဟလသတင်းအမှားများကို မိဘပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်အတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ရမည်းသင်းမြို့နယ်ရှိ စစ်အခြေခံလေ့ကျင့်ရေးသင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းရက်နေ့တွင် စစ်သင်တန်းတက်ရောက်ရန် ၁၂ ဘီးကား အစီး ၂၀ ဖြင့် လူငယ် ၄၀၀ ကျော် ရောက်ရှိခြင်းမရှိကြောင်းနှင့် ၎င်းသတင်းသည် ကောလာဟလ သတင်းအမှားများသာဖြစ်ကြောင်း သိရသည်။

ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက ပြည်သူများ၊ လူငယ်လူရွယ်များ စိုးရိမ်ထိတ်လန့်စေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက စစ်မှုထမ်းရန် ပေါ်တာဆွဲခြင်း၊ လမ်းသွားလမ်းလာများကို ဖမ်းဆီးခြင်းစသည့် ကောလာဟလသတင်းအမှားများဖြင့် နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းမှုမရှိစေရန်အတွက် ဝါဒဖြန့်လှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲ တက်ရောက်

မော်လမြိုင် မတ် ၅

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် စတုတ္ထအကြိမ် မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေး ဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီမှ ဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် မွန်ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ နာယက ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေး ဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီမှ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း စတုတ္ထအကြိမ်ဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲသို့ တက်ရောက်သည့် သင်တန်းသားများအနေဖြင့် သင်တန်းမှ သင်ယူတတ်မြောက်သည့် ပညာရပ်များကို လက်တွေ့နယ်ပယ်တွင် အရည်အချင်းပြည့်ဝပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရသော ကျွမ်းကျင်လုပ်သားများ ဖြစ်စေလိုပါကြောင်း၊ ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်များရရှိအောင် ကြိုးစားစေလိုပါကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဒေါ်တိုးတိုးချစ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



အဆိုပါ အခြေခံကွန်ပျူတာသင်တန်းကို သင်တန်းသား သင်တန်းသူ ၂၀ ဖြင့် မတ် ၅ ရက်မှ ၂၉ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ကြိမ်၊ ဝါး အခြေခံလက်မှုထည်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

ဒိုက်ဦး မတ် ၅

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ပဲခူးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီကကြီးမှူး၍ "ကြိမ်၊ ဝါးအခြေခံလက်မှုထည်ထုတ်လုပ်မှု နည်းပညာသင်တန်း" ဆင်းပွဲကို ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများ ပြုလုပ်ထားသော ကြိမ်၊ ဝါး အခြေခံလက်မှုထည်ပစ္စည်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းမှာ သင်တန်းသား ၃၄ ဦးအား သင်တန်းနည်းပြ ခုနစ်ဦးက ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပေးခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

# မွန်ပြည်နယ်နေ့အထိမ်းအမှတ် မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ကျိုက်မရော မတ် ၅

၂၀၂၄ ခုနှစ် နှစ်(၅၀)ပြည့်မြောက်ရွှေရတု မွန်ပြည်နယ်နေ့အထိမ်းအမှတ် မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီက ကျိုက်မရောမြို့ မြို့မဘောလုံးအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦးက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို အသင်းရှစ်သင်းဖြင့် မတ် ၅ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ မိချို(ပြန်/ဆက်)



# လူထုအခြေပြုဗဟိုဌာန(ပျဉ်းမနား)၌ လက်တွေ့အသုံးချ ဓာတ်ပုံပညာသင်တန်း ဖွင့်လှစ်

ပျဉ်းမနား မတ် ၅

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ လက်တွေ့အသုံးချ ဓာတ်ပုံပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၃ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်ရုံးမှ ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မာဖြူက လူထုအခြေပြုဗဟိုဌာန(ပျဉ်းမနား)တွင် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပျဉ်းမနားမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဦးဇော်မင်းလွင်က သင်တန်းစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍လည်းကောင်း၊ သင်တန်းနည်းပြဆရာ ဦးကျော်ဇေယျ(ပျဉ်းမနား)က သင်တန်းကာလအတွင်း သင်ကြားပို့ချသွားမည့် သင်ခန်းစာများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

အဆိုပါသင်တန်းသို့ နေပြည်တော်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဓာတ်ပုံဝါသနာရှင် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်လျက်ရှိပြီး မတ် ၄ ရက်မှ ၁၅ ရက်အထိ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲအထိ Camera Setting, Composition, Lighting Theory & Direction of Light, Concept, Portrait, Model, Landscape, Family Photo စသည့်ကဏ္ဍများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးသီဟ(ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၃-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၁၅ | ၂၇၆၅ | ၂၇၆၀ | ၂၇၂၅ | ၂၇၆၀ | ၂၇၈၅ | ၂၇၇၀ | ၂၇၅၀ | ၂၈၄၅ | ၂၈၆၅ | ၂၇၅၅ | ၂၇၆၅ | ၂၈၀၀ | ၂၈၀၀ | ၂၈၀၅ | ၃၀၃၅ | ၃၁၅၀ |
| 95 Ron | ၂၈၃၅ | ၂၈၈၅ | ၂၈၈၀ | ၂၈၄၀ | ၂၈၈၀ | ၂၉၀၅ | ၂၈၉၀ | ၂၈၆၅ | ၂၉၆၅ | ၂၉၈၀ | ၂၈၇၅ | ၂၈၉၀ | ၂၉၂၀ | ၂၉၂၀ | ၂၉၂၀ | ၃၁၅၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၈၅ | ၂၅၃၅ | ၂၅၃၀ | ၂၄၉၅ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၅ | ၂၅၃၅ | ၂၅၇၀ | ၂၅၇၀ | ၂၅၇၅ | ၂၈၀၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၅၂၅ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၅ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၅ | ၂၈၄၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၅၃၅ | ၂၅၈၅ | ၂၅၈၀ | ၂၅၄၅ | ၂၅၈၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၇၀ | ၂၆၉၀ | ၂၆၈၀ | ၂၅၇၅ | ၂၅၈၅ | ၂၆၂၀ | ၂၆၂၀ | ၂၆၂၅ | ၂၈၅၅ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၉၀ | ၂၆၇၆ |
| 95 Ron | ၂၇၀၅ | ၂၇၉၃ |
| HSD (500 ppm) | ၂၃၆၆ | ၂၄၄၃ |
| HSD (50 ppm) | ၂၄၀၅ | ၂၄၈၃ |
| HSD (10 ppm) | ၂၄၁၆ | ၂၄၉၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် မတ် ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဂေါပကအဖွဲ့ဝင်များက လာရောက်ဖူးမြော်ကြည်ညိုကြသည်။

တနင်္သာရီတိုင်းဒေသကြီးမှ ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။ ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါမိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထိုကဲ့သို့ တနင်္သာရီတိုင်းဒေသကြီးမှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဂေါပကအဖွဲ့ဝင်များအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့ပုံများကို ဗီဒီယိုမှတ်တမ်းများဖြင့် ရှင်းလင်းပြောကြားခဲ့ကြသည်။



ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိရာမှ တပ်ရင်းဌာနချုပ်ရှိ မိသားစုဝင်များရှိရာသို့ ပြန်လည်စုဖွဲ့လေ့ကျင့်လျက်ရှိသော တပ်မတော်သားများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက် ဂုဏ်ပြုဖျော်ဖြေပွဲကျင်းပ

**နေပြည်တော် မတ် ၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်လျက်ရှိရာမှ တပ်ရင်းဌာနချုပ်ရှိ မိသားစုဝင်များရှိရာသို့ ပြန်လည်စုဖွဲ့ လေ့ကျင့်လျက်ရှိသော တပ်မတော်သားများ စိတ်ပျော်ရွှင်ကြည်နူးချမ်းမြေ့စေရန်အတွက်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေး အဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)မှ ဖျော်ဖြေရေးအဖွဲ့များက တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံတပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ်အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။

ထိုသို့ သွားရောက်ဂုဏ်ပြုသီဆိုကပြဖျော်ဖြေလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်သို့ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူ၊ အဖွဲ့သားများက စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်းတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများနှင့် မိသားစုဝင်များက စိတ်လက်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ လွတ်လပ်ပျော်ပါးစွာဖြင့် အတူတကွ ပါဝင်သီဆိုကြသည်။

ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူ အဖွဲ့သားများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ဒေသထွက်လက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး ဒေသထွက် အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ကျိုက်ထိုမြို့နယ်၌ ရိုးရာခြင်းခတ်နည်း သင်တန်းဖွင့်လှစ်

**ကျိုက်ထို မတ် ၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီက ရိုးရာခြင်းခတ်နည်းသင်တန်းဖွင့်ပွဲကို ကျင်းပသည်။

**ရှင်းလင်းပြောကြား**

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရန်နိုင်အောင်က အားကစားနည်းများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ခြင်းခတ်သင်တန်းကို မတ် ၅ ရက်မှ ၁၁ ရက်အထိ ခုနစ်ရက်ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

## လှည်းကူးမြို့နယ်တွင် မြို့နယ်ကိုယ်စားပြု ဘင်ခရာသင်တန်းဖွင့်ပွဲကျင်းပ

**လှည်းကူး မတ် ၅**

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်ကိုယ်စားပြု ဘင်ခရာသင်တန်း အမှတ်စဉ်(၁/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို လှည်းကူး (မြို့မ)အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ဘင်ခရာသင်တန်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးခင်ဇော်က သင်တန်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်အလှူရှင်များက ထောက်ပံ့ငွေကျပ် သိန်း ၃၀ ကို ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို မတ် ၅ ရက်မှ မေ ၁၀ ရက်အထိ ရက်သတ္တကိုးပတ်ကြာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ဌာနစိတ်မှူး ဦးညွန့်ခင်က သင်တန်းနည်းပြအဖြစ် ဘင်ခရာဘာသာရပ်ကို ကျောင်းသားကျောင်းသူ ၆၀ အား စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

## ဓနုဖြူမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ဓနုဖြူ မတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းများကို ယနေ့နံနက်ပိုင်းက ကဥ္စနကျွန်းသာ (Gold Delta)ကုမ္ပဏီလီမိတက်၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနောင်နောင်က မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများအတွင်း မီးဘေးအန္တရာယ် မဖြစ်ပွားမပေါ်ပေါက်စေရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရမည့်လုပ်ငန်းများ၊ လိုက်နာရမည့်အချက်များ စသည့်လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် မီးသတ်ဦးစီးမှူး ဦးနောင်နောင်နှင့် တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့် မီးငြှိမ်းသတ်ပြခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုပုံအား ရှင်းလင်းပြောကြားခြင်း၊ ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြှိမ်းသတ်မှုများကို သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

■

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**



## သာစည်မြို့ အောင်မင်္ဂလာ ကိုယ်ပိုင်မူလတန်းကျောင်း မီးဘေးလုံခြုံရေးမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

သာစည် မတ် ၅

မန္တလေးတိုင်းဒေသကြီး သာစည်မြို့ အမှတ်(၁)ရပ်ကွက်ရှိ အောင်မင်္ဂလာ ကိုယ်ပိုင်မူလတန်းကျောင်းကို မတ် ၄ ရက် နံနက်ပိုင်းက ခရိုင်နှင့် မြို့နယ်မှတာဝန်ရှိသူများ မီးဘေးလုံခြုံရေးနှင့် လိုအပ်သည်များကို ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ပညာရေးမှူး ဒေါ်ခင်စန်းဦး၊ သာစည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးလှထွန်းနှင့် တာဝန်ရှိသူများ၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးစည်သူအောင်နှင့် တပ်ဖွဲ့ဝင်များက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းဆက်လက်ဖွင့်လှစ်သင်ကြားရေး တင်ပြထားမှုများနှင့် မီးဘေးလုံခြုံရေးဆိုင်ရာများ စစ်ဆေးခြင်းတို့ ဆောင်ရွက်ပြီး မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ မီးဘေးလုံခြုံရေးဆိုင်ရာအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## တီးတိန်မြို့နယ်၌ ကျေးရွာကုန်ထုတ်လမ်းသစ် ဖောက်လုပ်ခြင်း ကွင်းဆင်းစစ်ဆေး

တီးတိန် မတ် ၅

ချင်းပြည်နယ် တီးတိန်မြို့နယ် ငင်းနွှန်းကျေးရွာ ကုန်ထုတ်လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ယနေ့နံနက်ပိုင်းက မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လွင်းငိုက်လွန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အထွေထွေပိုလျှံငွေ ခွင့်ပြုရန်ပုံငွေကျပ် ၉၅ သန်းဖြင့် ငင်းနွှန်းကျေးရွာ ကုန်ထုတ်လမ်း လေးမိုင်လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဖောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

မိုးမိုး

**✻ ကျောဖုံးမှ**

၁၃ မိနစ်မှာ ဘိုဂဲလ်(ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်)၊ ၁၅ မိနစ်မှာ မာတီနယ်လီ၊ ၂၅ မိနစ်မှာ ကိုင်ဟာဗက်ဇ်၊ ၃၉ မိနစ်မှာ ဒီကလန်ရိုက်နဲ့ ၅၈ မိနစ်မှာ ဘင်ဝှိုက်တို့က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းအနေနဲ့ အခုပွဲစဉ်မှာ ခြောက်ဂိုးပြတ်အနိုင်ရရှိခဲ့တာကြောင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်အဝေးကွင်းသုံးပွဲမှာ ငါးဂိုးနဲ့အထက် သွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးပရီမီယာလိဂ်အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ရှက်ဖီးလ်ယူနိုက်တက်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယား ထိပ်ဆုံးမှာ ရပ်တည်နေတဲ့ လီဗာပူးအသင်းနဲ့ နှစ်မှတ်အကွာ၊ အမှတ်ပေးဇယားဒုတိယနေရာက မန်စီးတီးအသင်းနဲ့ တစ်မှတ်အကွာ အမှတ်ပေးဇယား တတိယနေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

ရှက်ဖီးလ်ယူနိုက်တက်အသင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၂၇ ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၁၃ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် အောက်ဆုံးနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ်

## ရန်ကုန်အနောက်ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

ရန်ကုန် မတ် ၅

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်က အဖွင့်အမှာစကားပြောကြားသည်။



**ပါဝင်ယှဉ်ပြိုင်ကြ**

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အကြို ကျပန်းစကားပြော ပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ခရိုင်၁၄ ခုရှိတက္ကသိုလ်များမှ စိတ်ပါဝင်စားသူ ၁၄ ဦးတို့က အမျိုးသမီးများ ဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီ ဆောင်ရွက်စို့၊ ကျား/ မ တန်းတူညီမျှဖို့ အားလုံးပါဝင်ပူးပေါင်းစို့၊ အရှိန်အဟုန်ဖြင့် တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး၊ လူသားအားလုံး တိုးတက်ဖို့ အမျိုးသမီးများ စွမ်းရည်မြှင့်တင်လို့ ပုံဖော်ကြပါစို့ စသည့်ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာ နာယကကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးနှင့် တာဝန်ရှိသူများက ဒိုင်များအား အမှတ်တရလက်ဆောင် ချီးမြှင့်ပြီး ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

အဆိုပါ ရန်ကုန်အနောက်ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာန (ဗဟန်း) ၌ ပြပွဲများ၊ ပြိုင်ပွဲများ၊ အစည်းအဝေးပွဲများနှင့် အားကစားလေ့ကျင့်မှုများကို အခမဲ့ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

## အလုပ်တွင် ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံး/ငွေရင်း ထုတ်ပေး

ရန်ကုန် မတ် ၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Double Cow Milk Co.,Ltd က လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံး/ငွေရင်း) ထုတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။




ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး ဒုတိယညွှန်ကြားရေးမှူးက ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Double Cow Milk Co.,Ltd က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေအရ လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားခြင်း မရှိမီ သေဆုံးခဲ့သည့် ဦးစိုင်းသိန်းဟန် (ယာဉ်အကူ)၏ နာရေးစရိတ်ငွေကျပ် ၁၂၀၀၀၀ နှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေကျပ် ၃၆၀၀၀၀၀ စုစုပေါင်းငွေကျပ် ၃၇၂၀၀၀၀ ကို သေဆုံးသူ၏ မိခင်ဖြစ်သူထံသို့ အလုပ်ဌာနမှ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ၊ မိသားစုဝင်များရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ရန်ကုန်ဂေါက်သီးရိုက်အသင်း နှစ်ပတ်လည်အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



ရန်ကုန် မတ် ၅

ရန်ကုန် ဂေါက်သီးရိုက်အသင်း နှစ်ပတ်လည် အခမ်းအနားနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၃ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တညင်းကုန်းမြို့နယ်ရှိ ရန်ကုန်ဂေါက်ကွင်း၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်ဂေါက်သီးရိုက်အသင်း ၂၀၂၃ ခုနှစ်အတွက် သင်းလုံးကျွတ် အစည်းအဝေးကို ကျင်းပရာ အသင်းနာယကများဖြစ်ကြသည့် ဦးဝင်းလှိုင်၊ ဦးကျော်မြင့်လှိုင်နှင့် ရန်ကုန်ဂေါက်အသင်း ဥက္ကဋ္ဌ Captain ဦးကိုကိုအေးတို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။

ယင်းနောက် ရန်ကုန်ဂေါက်သီးရိုက်အသင်း(Managing Member) မှ ၂၀၂၃ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ ရှင်းလင်းတင်ပြခြင်း၊ လေ့ကျင့်ရေးကွင်းငှားရမ်းခြင်းနှင့်ပတ်သက်၍ သဘောတူညီချက်ရယူခြင်း၊၂၀၂၃ ခုနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းရှင်းလင်းခြင်းများကို ဆောင်ရွက်ပြီး နေ့ချင်းပြီး ဂေါက်သီးရိုက်ပြိုင်ပွဲကို ကျင်းပကြသည်။

ဆက်လက်ပြီး ညနေပိုင်းတွင် ပျော်ပွဲရွှင်ပွဲနှင့် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ နာယကများနှင့် အသင်းဥက္ကဋ္ဌတို့က ရန်ကုန်ဂေါက်ကလပ် စာလုံးထွင်းခြင်းနှင့် ကမ္ပည်းမော်ကွန်း ကျောက်စာအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ရန်ကုန် ဂေါက်သီးရိုက်အသင်း ဥက္ကဋ္ဌ Captain ဦးကိုကိုအေးက အဖွင့်အမှာ စကားပြောကြားသည်။

ယင်းနောက် ရန်ကုန်ဂေါက်သီးရိုက်အသင်း Captain ဦးကိုကိုအေးနှင့် တာဝန်ရှိသူများက ဝန်ထမ်း Bonus ဆုပေးခြင်း၊၂၀၂၃-၂၀၂၄ ခုနှစ် ပြိုင်ပွဲများတွင် ဆုရရှိသူများအား Trophy ချီးမြှင့်ခြင်း၊၂၀၂၄ ခုနှစ်အတွက် Club Championship ရရှိသူများအား ဆုချီးမြှင့်ခြင်း၊ Captain Cup ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ ယနေ့တွင် ကျင်းပသော နေ့ချင်းပြီးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ ၂၀၂၃-၂၀၂၄ခုနှစ် ဖေဖော်ဝါရီလအထိ Hole In One ရရှိသူများအား Trophy ချီးမြှင့်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပျော်ပွဲရွှင်ပွဲအထိမ်းအမှတ်ကံစမ်းမဲများကို ဖောက်ပေးခဲ့ကြောင်းနှင့် ရန်ကုန်ဂေါက်ကလပ်ကို ၁၉၀၉ ခုနှစ်တွင်စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်ပေါင်း ၁၁၅ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

ကျော်ဆန်းမြင့်(ပြန်/ဆက်)

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




**၄-၃-၂၀၂၄ ရက်မှအဆက်**

အဲ ... ပြီးပြီလားဆိုတော့ မပြီးသေးပါ။

ကျွန်တော်ဆိုသည့်ကောင်က တက္ကသိုလ်ကျောင်းသား အသစ်ကျပ်ချွတ်ကလည်းဖြစ်ပြန်၊ ကဗျာဆရာပေါက်စကလည်း ဖြစ်ပြန်ဆိုတော့ တော်ရုံစပ်စုခြင်းမျိုးသာမက အတော့်အတော်ကိုလည်း စပ်စုလိုစိတ်ကလေး ရှိနေသည်။

အရေးကြီးသည့်အနေအထားအထိ ကိုယ့်အန္တရာယ်ကိုယ် ဖြေရှင်းပြီးသကာလ မျက်လုံးများက အငြိမ်မနေနိုင်တော့ ဖြူဖြူဖွေးဖွေးအသွင်ဖြင့် အစကရှိခဲ့သော နံရံပေါ်တွင် ယခုအခါ ပွစာကျဲနေပြီဖြစ်သော လက်ရေးမျိုးစုံဖြင့် နှိုက်နှိုက်ချွတ်ချွတ် အယုတ်တမာများရေးထားသော စာတန်းများကို လျှောက်ဖတ်ကြည့်နေမိသည်။

တက္ကသိုလ်ဆိုသည်က ကျွန်တော် ခုထိတွေ့မိသလောက်ဖြင့် တခြားနေရာများထက်စာလျှင် တက္ကသိုလ်ပီပီ ထူးကိုထူးသည်။

အယုတ်တမာဟု ကိုယ်က အလွယ်တကူ ကင်ပွန်းတပ်လိုက်မိသော်လည်း တကယ်တော့ ယုတ်မာခြင်းနှင့် ဘာမှမဆိုင်ပါ။ လျှို့ဝှက်အပ်သော အခြင်းအရာများနှင့်ပတ်သက်သည့် အကြောင်းအရာများကို ပညာသားပါပါ တင်ပြထားခြင်းမျှသာဖြစ်ပါသည်။

အညစ်အပတ် မဟုတ်ပါ။

အကယ်၍ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် တက္ကသိုလ်ကို ရောက်ခဲ့ပါဦး။ တခြားအထွေအထူး မှာစရာမရှိသေးသော်လည်း စေတနာရှေ့ထား၍ မှာလိုသည့်စကားတစ်ခွန်းတော့ ရှိပါသည်။

ထိုစကားမှာ အခြားမဟုတ်ပါ။ တက္ကသိုလ်ရောက်လျှင် နံရံပေါ်မှ စာတန်းကလေးများကို ဂရုတစိုက် ကြည့်စေချင်ပါသည်။

နံရံမရွေးရေးထားသောစာရှိလျှင် ဂရုပြုလေ့လာစေချင်ပါသည်။

အကယ်၍ ကြည့်သောသူသည် အတွေးအခေါ်ပညာတွင် စိတ်ဝင်စားသူဖြစ်ပါက ထူးခြားသောဒဿနများကို ရှာဖွေတွေ့ရှိသွားပေလိမ့်မည်ဟု။

ကြည့်သောသူသည် ဟာသပညာကို စိတ်ဝင်စားသူဖြစ်ပါက သူမတူသောဟာသများဖြင့် ကျေနပ်အားရသွားစေပါမည်။

ဝတ္ထုအကြောင်း၊ စာအကြောင်း ပေအကြောင်းများကို စိတ်ဝင်စားလျှင် ထူးခြားသောဇာတ်လမ်းလေးများကို ရှာဖွေတွေ့ရှိနိုင်သည်။

ချုပ်ပြောရလျှင် မည်သည့်ဝါသနာရှင်ဖြစ်ပါစေ၊ မိမိသက်ဆိုင်သော ဝါသနာကိစ္စများအတွက် များစွာအထောက်အကူပြုနိုင်သော အချက်အလက်များကို တက္ကသိုလ်နံရံပေါ်ရှိ စာတန်းများတွင် ရှာတွေ့နိုင်ပါသည်။

ကဗျာဆိုလျှင်တော့ ပြောမနေနဲ့တော့။

ပထမဆုံးကျောင်းစတက်သည့်နေ့က တွေ့ရသည့်ကဗျာကို ခုတိုင် အသည်းစွဲနေသေး၏။ မမှတ်မိစရာအကြောင်းလည်း မရှိ။

ကျောင်းတက်စ၊ တောကလည်း တောသား၊ ခုမှယောင်တိယောင်တနှင့် လူ့ဘဝကိုရသော လူသားကဲ့သို့ဖြစ်နေသော ကျွန်တော့်မှာ အတန်းထဲ ဝင်ထိုင်လိုက်ပြီးကတည်းက ခေါင်းပင် ကောင်းကောင်းမဖော်ရဲ။

မရဲတရဲနှင့် စာသင်ခန်းရှေ့တည့်တည့် လှမ်းကြည့်လိုက်သောအခါ ကျောက်သင်ပုန်းအပေါ်တည့်တည့် နံရံပေါ်တွင် မြေဖြူနှင့် ထင်ထင်ရှားရှားရေးထားသော ကဗျာလေးတစ်ပုဒ်ကို လှမ်းမြင်ရ၏။

ပေါ်ဦးကလည်း လက်ကုတ်ပြသည်။

ကဗျာက အချစ်ကဗျာလေး၊ ခံစားချက်အပြည့်နှင့် ဖတ်မိသူတိုင်း ကိုယ်ချင်းစာ၍ ခံစားနိုင်လောက်အောင် အဖွဲ့အနွဲ့ကောင်းသည်။

ခေါင်းစဉ်က ... "ချိန်းတဲ့ညမှာ သူမလာလို့" တဲ့။

ကြည့်ကြပါဦး...။

**"အခြေလှတဲ့**
**စနေညမှာ**
**ဆီးစပ်ကို မီးဟပ်သလို**
**ခံစားရပါတယ် အချစ်ရယ်"** တဲ့။

ဘယ်လောက် သနားစရာကောင်းလှတဲ့ ခံစားချက်လေးပါလဲ။

ဒါတောင် ထိုနေရာက စာသင်ခန်းနံရံ။

အခုနေရာကတော့ အိမ်သာဖြစ်သည့်အတွက် အသုံးအနှုန်းများ နည်းနည်းပိုကြမ်းသည်။ သို့သော် အရပ်အိမ်သာ၊ ဈေးအိမ်သာများကဲ့သို့ တတစ်တခွကြီးမဟုတ်၊ ပညာသားပါသည်။

နံရံတစ်နေရာမှ စာတန်းကမူ ပြန်ပြောပြရန်မသင့်။

တခြားတစ်နေရာတွင်မူ လျှို့ဝှက်အပ်သော ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခု၏ အမည်ခွဲများကို နှစ်ဆယ့်တစ်မျိုးတိတိ ရှာဖွေသုတေသနပြုထားသည်။ ပြီးတော့လည်း နှောင်းလူများ ဆက်လက်ကြံဆနိုင်ရန်အလို့ငှာ ရှာဖွေတွေ့ရှိသမျှ ထပ်မံဖြည့်စွက်ကြပါဟု မေတ္တာရပ်ခံထား၏။

ဘယ်ဘက်ခြမ်းတစ်နေရာမှ စာသားလေးကမူ ဖော်ပြသော် ကောင်းအံ့ဟုထင်သည်။ သို့သော် တချို့နေရာများကို ကိုယ်ပိုင်ဉာဏ်ဖြင့် ဖြည့်စွက်ဖတ်ရန် တိုက်တွန်းအပ်ပေသည်။

အလွန်အတွေးအခေါ်ပါသော စာဖြစ်၍ မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။ ရှုပါ ...။

**ဤနေရာ၌ လုံချည်လှန်၍ ချေးပါနေစဉ်**
**သင်အချစ်ဆုံးသူကို သတိရကြည့်ပါ။**
**အဟိ ... သင် မရှက်ဘူးလား။**
**ဟဲ ... ဟဲ မရှက်ပါနှင့်။**
**သင့် အချစ်ဆုံးချစ်သူသည်လည်း**
**ဤနေရာရောက်လျှင်**
**ဤကဲ့သို့ပင် ပြုရပါသည်။**
**သဘာဝပါခင်ဗျာ။**

**ပုံ**
**ပျင်ငြာယို သုခမိဏ်**

တဲ့ . . .။

လွမ်းနေတဲ့ အချိန်လေးမှာတောင် ရယ်စရာမောစရာလေးတွေ ပြန်တွေးမိနေရသေးတယ်လို့ ကိုယ့်ကို အပြစ်တင်မလို့လား ခင်လေး ... ။

ခင်လေးရယ် . . . ရယ်စရာ မောစရာဆိုတဲ့အတိုင်း တစ်ခါက ရယ်စရာလေးတွေဟာ ခုတော့ မောစရာလေးတွေ ဖြစ်နေရပါပြီ။

ဒါပေမဲ့ ကိုယ့်မှာ ပြောစရာလေးတစ်ခုရှိနေတာလည်းပါလို့ ဒီအကြောင်းလေးတွေ ပြန်သတိရနေတာပါ။

အဲဒီပြောစရာက ဘာလဲဆိုတော့ ...

တက္ကသိုလ်ဆိုတာ မပျော်တတ်တဲ့သူကိုတောင်မှ ပျော်တတ်အောင်သင်ပေးတဲ့ ကျောင်းတော်ကြီးဖြစ်တယ်ဆိုတာပါပဲ။

* * *

( ၂ )

"ကနေ့ဆို ကိုယ်ရောက်လာမလားရယ်လို့ အကြိုထောက်ပါလား မြစ်မင်းရေ . . . နှုတ်ခမ်းလေးဖွဖွနဲ့ သူကပန်ကြားနေ . . . မှန်သားမမြင်၊ ပါးပြင်မခြယ်၊ မင်ရည်ငယ်မလဲ့ . . . ဩော် . . . ထုံးနှောင်မဲ့ဆံကေ"

နောက်ဘက်ခန်းဆီမှ ခုနစ်သံချီ၍ အော်လိုက်သော ဆွေးဆွေးမြည့်မြည့် တေးသံနှင့်အတူ ဟိုအခန်း သည်အခန်းဆီမှ ဩဘာသံများ လှိုင်၍ ထွက်လာသည်။

"မဆိုချင်ပါနဲ့ တောင်းပန်ထားကြသဗျာ"

ဆိုတာကတစ်မျိုး။

"ဖခင်ဘုရင်ကြီးမှာ မကြားလိုပါ၊ မကြားလိုပါ"

ဆိုတာက တစ်ဖုံ။

သီချင်းသံ ချက်ချင်းတိတ်သွားသည်။ ထို့နောက် သီချင်းသံရှင်၏ အသံပြန်ပေါ်လာသည်။

"ဘယ်ကောင်လဲကွ၊ ဖခင်ဘုရင် ဗိမ္ဗိသာရလုပ်ချင်တာ။ ငါလည်း ခူနာပေါက်နေလို့ ငုံထားစမ်းပါ။ ခူနာက လက်မှာတော့ မဟုတ်ဘူး၊ လက်လိုပဲ နေရာမှာ"

ဝါးခနဲ ရယ်သံများပေါ်လာသည်။

တစ်ဖက်ခန်းမှလည်း ပက်ပက်စက်စက်ဆဲသံပေါ်လာ၏။

ကျွန်တော်က အခန်းဖော် ပေါ်ဦးကိုကြည့်၍ ပြုံးလိုက်ပြီး-

" ဒီကောင်တွေ အစကတည်းက သူငယ်ချင်းတွေထင်တယ် ပေါ်ဦး"

ပေါ်ဦးက ခေါင်းခါပြ၏။

"ဘယ်ကသူငယ်ချင်းတွေရမှာလဲ။ ဒီရောက်ရင် ဒီလိုပဲ သိသိ၊ မသိသိ ဆဲကြ၊ ပြောကြဆိုကြ၊ ခင်သွား မင်သွားကြတာပဲ။ မင်း စဉ်းစားကြည့်လေ။ မင်းတောင်မှ ဒီကို သူငယ်ချင်းဘယ်နှယောက်ပါလာလို့လဲ"

ကျွန်တော်က ခေါင်းညိတ်ပြရင်း –

"အေး . . . ဟုတ်တော့ဟုတ်တယ်"

ပေါ်ဦးစကားကို ပြန်စဉ်းစားကြည့်သည်၊ အမှန်ပင်။ ရန်ကုန် ဝ/သ သို့ ကျွန်တော်ပါထည့်ပေါင်းမှ စုစုပေါင်း နှစ်ယောက်သာ ကျွန်တော်တို့ရွာမှ ဝင်သည်။ တစ်ယောက်က ကျော်ညွှန့်၊ သူက ဓာတုဗေဒအဓိကမို့ ကျွန်တော်နှင့် ဘာသာမတူ၊ အဆောင်မတူ။ ကျောင်းစတက်သည့်နေ့တော့ သူ့အတန်းကိုယ်လိုက်တက်၊ ကိုယ့်အတန်း သူလိုက်တက်နှင့် တတွဲတွဲလုပ်နိုင်ခဲ့သော်လည်း ယခု တစ်ရက်၊ နှစ်ရက်ရှိသေးသည်။ သူလည်း သူ့ကိစ္စနှင့် သူ့အဖွဲ့နှင့်သူ၊ ကျွန်တော်လည်း ကျွန်တော့်ကိစ္စ၊ ကျွန်တော့်အဖွဲ့နှင့်ကျွန်တော် ဖြစ်နေရပြီ။

တက္ကသိုလ်ရောက်လာသော နယ်ကျောင်းသားမှန်သမျှသည် အားလုံး ကျွန်တော်တို့လိုပင် ဖြစ်ကြပါသည်။ သို့သော် ကျွန်တော်တို့လိုပင် မကြာမီ တစ်ဆောင်တည်းကျောင်းသား၊ တစ်တန်းတည်းဖြစ်သော အနယ်နယ်မှ ကျောင်းသားများနှင့် သူငယ်ချင်းအရင်းအချာများ ဖြစ်ကုန်ကြ၏။

ခုပဲကြည့်လေ၊ ပေါ်ဦးနှင့် ကျွန်တော်ဆို တစ်ခန်းတည်း အတူနေ၍ အစစအရာရာ တိုင်ပင်ဖက်ညီအစ်ကိုရင်းချာကဲ့သို့ ဖြစ်နေကြပြီ။ တစ်ဖက်ခန်းမှ ဝင်းနိုင်တို့၊ စန်းလွင်တို့နှင့်လည်း ထိုနည်းအတူ။

အခေါ်အဝေါ်များသည်ပင် တွေ့စနှင့် မတူတော့။

အဆောင်ကိုရောက်သည့် နေ့ကစ၍ပင် အသွင်ပြောင်းလဲရေးလုပ်ငန်း လုပ်ပစ်လိုက်သည်။

ပေါ်ဦးက ကျွန်တော့်ထက် နာရီပိုင်းစော၍ အဆောင်ဝင်၏။

သူကတော့ ဟန်ကျသည်။ ရန်ကုန်တွင် သူ့အဒေါ်များရှိသဖြင့် အဆောင်မဝင်မီ သုံး၊ လေးပတ်ကတည်းက ရန်ကုန်သို့ ကြိုရောက်နေသူဖြစ်သည်။

ကျွန်တော်ကတော့ သူ့လို ရန်ကုန်မှာ ဆွေမျိုးဉာတိမရှိ။ သူ့လို အဆောင်မဝင်မီ သုံး၊ လေးပတ်စော၍လည်း ရန်ကုန်မှာမနေနိုင်သူဖြစ်ရာ ထိုနေ့က အဆောင်ဝင်နောက်ကျသည်။

အဆောင်ရှေ့တွင် သုံးဘီးကား ရပ်လိုက်သောအခါ ပါလာသောအိပ်ရာလိပ်ကို ထမ်း၊ သံသေတ္တာလေး လက်ကဆွဲ၍ အဆောင်မှူးထံ လုပ်စရာရှိသည်များကို သွားလုပ်သည်။

အားလုံးပြီးစီးပြီဆိုမှ အခန်းရှိရာသွားသည်။

**ဆက်လက်ဖော်ပြပါမည်။**

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ"စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

> **တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် တက္ကသိုလ်ကိုရောက်ခဲ့ပါဦး။**
> **တခြားအထွေအထူး မှာစရာမရှိသေးသော်လည်း**
> **စေတနာရှေ့ထား၍ မှာလိုသည့်စကားတစ်ခွန်းတော့ ရှိပါသည်။**
> **ထိုစကားမှာ အခြားမဟုတ်ပါ။**
> **တက္ကသိုလ်ရောက်လျှင် နံရံပေါ်မှ စာတန်းကလေးများကို ဂရုတစိုက် ကြည့်စေချင်ပါသည်။**
> **နံရံမရွေး ရေးထားသောစာရှိလျှင် ဂရုပြုလေ့လာစေချင်ပါသည်။**
> **မည်သည့်ဝါသနာရှင်ဖြစ်ပါစေ၊ မိမိသက်ဆိုင်သော ဝါသနာကိစ္စများအတွက်**
> **များစွာ အထောက်အကူပြုနိုင်သော အချက်အလက်များကို**
> **တက္ကသိုလ်နံရံပေါ်ရှိ စာတန်းများတွင် ရှာတွေ့နိုင်ပါသည်။**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် MRTV(HD) Channel မှ Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ နိုင်ငံတော်၏ နေ့ကြီး၊ ရက်ကြီးများနှင့်လည်း အခြေအနေအချိန်အခါ၊ ကိုက်ညီသင့်လျော်စွာ ဂုဏ်ပြုအစီအစဉ်များ ထည့်သွင်းတင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၄ ခုနှစ်၊ မတ်လ(၂၇)ရက်နေ့တွင် ရောက်ရှိမည့် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်အဖြစ် **"ပြည်ချစ်သားမွန် တေးသဝဏ်"** ခေါင်းစဉ်ဖြင့် ဂီတဖျော်ဖြေပွဲကို မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ (၈-၃-၂၀၂၄)ရက် (သောကြာနေ့)ညတွင် တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်မှုကို အောက်ပါတပ်မတော်ဆိုင်ရာ တေးသီချင်းများဖြင့် ဆောင်ရွက်မည်ဖြစ်၍ အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

**(၈-၃-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ**
**(၇၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် "ပြည်ချစ်သားမွန် တေးသဝဏ်"**
**ပွဲစဉ်(၁) ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | သာပါလိမ့်မယ်ရွှေကျီးညို | ပြင်ပအဆိုရှင် |
| ၂။ | တောင်တန်းပြာနဲ့ကျောပိုးအိတ် | ပြင်ပအဆိုရှင် |
| ၃။ | ချစ်သောခရေ | "တူယှဉ်နွဲပျော် ဂီတပွဲတော် Season-1" |
| ၄။ | ပြည်သူ့တပ်မတော် | ပြင်ပအဆိုရှင် |
| ၅။ | အမြင့်အတိုင်း | "တူယှဉ်နွဲပျော် ဂီတပွဲတော် Season 2" |
| ၆။ | စစ်စခန်းမှချစ်အလွမ်း | ပြင်ပအဆိုရှင် |
| ၇။ | တပ်မတော်သည်နိုင်ငံ့အတွက် | ပြင်ပအဆိုရှင် |
| ၈။ | အိတ်ကပ်ထဲကစာခေါက်ကလေး | "တူယှဉ်နွဲပျော် ဂီတပွဲတော် Season-1" |
| ၉။ | ဘာမထီဇာနည်ပင်လယ်ဆီ | "တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2" |
| ၁၀။ | မြင့်မြတ်တဲ့တို့ရဲ့တပ်မတော် | ဌာနအဆိုရှင် |
| ၁၁။ | မြန်မာပြည်သား | Group Song |

## ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေအသုံးပြု၍ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုစနစ် Human Resources Management System အတွက် Software အား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ် (၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင် လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါအမှတ်** | - | Tender,26.Software (2023-2024) |
| **တင်ဒါစတင်သည့်ရက်** | - | ၆- ၃-၂၀၂၄ ရက်နေ့ |
| **တင်ဒါပိတ်သိမ်းမည့်** | - | ၁၂- ၃-၂၀၂၄ ရက်နေ့၊ |
| **ရက်နှင့်အချိန်** | | မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇၃၄၃၁၀၈၅/၀၆၇၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## နမ့်စန်မြို့နယ်စည်ပင်သာယာရေးဌာန "နမ့်စန်မြို့သန့်ရှင်းသော သောက်သုံးရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက်" စိတ်ဝင်စားမှု အဆိုပြုလွှာ Expression of interest (EOI) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့ရှိ မြို့ပေါ်ရပ်ကွက်များသို့ သန့်ရှင်းသော သောက်သုံးရေရာနှုန်းပြည့်ဖြန့်ဝေပေးနိုင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင် မည်သူမဆိုထံမှ (၁၀၀%) ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်မည့်လုပ်ငန်းဒီဇိုင်းနှင့် ပုံစံများကို စိတ်ဝင်စားမှု အဆိုပြုလွှာ(EOI) တင်ပြနိုင်ရန် တတိယအကြိမ်ထပ်မံ ကြေညာခေါ်ယူအပ်ပါသည်။

၂။ စိတ်ဝင်စားမှုအဆိုပြုလွှာပုံစံနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့် စီမံကိန်းအတွက် လိုအပ်သည့် အခြေခံအချက်များကို (၇-၃-၂၀၂၄) ရက်နေ့မှ (၈-၄-၂၀၂၄)ရက်နေ့အထိ နမ့်စန်မြို့နယ် စည်ပင်သာယာရေးဌာနရုံးတွင် ရောင်းချမည်ဖြစ်ပြီး အဆိုပြုလွှာများကို (၉-၄-၂၀၂၄) ရက်နေ့ ညနေ(၁၆:၀၀) နာရီ နောက်ဆုံးထား၍ နမ့်စန်မြို့နယ်စည်ပင်သာယာရေးဌာနတွင် တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နမ့်စန်မြို့နယ်စည်ပင်သာယာရေးဌာန၏ ဖုန်းနံပါတ် (၀၈၁-၂၃၈၀၀၂၈) သို့လည်းကောင်း ၊ စီမံကိန်းနှင့်ပတ်သက်၍ ထပ်မံသိရှိလိုသည်များရှိပါက ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ ဖုန်းနံပါတ် (၀၈၁- ၂၁၂၄၉၈၀ )သို့ လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နမ့်စန်မြို့နယ်စည်ပင်သာယာရေးဌာန**

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်**
**၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် - ၃၅၂**

၁။ ဦးငြိမ်းချမ်းဇော် နှင့် ဦးထင်ဇော်မင်း(မန်နေဂျင်းဒါရိုက်တာ)
၂။ ဦးကျော်ဆွေ (SEA HEART Co.,Ltd)
၃။ ဦးတင်အောင်စိုး
၄။ ဦးသူရအောင်
၅။ ဦးစိုင်းမြတ်သူ
၆။ ဦးကျော်ကျော်လင်း
(အမှတ် ၁မှ ၆ အထိ
တရားလိုအားလုံးတို့၏
